# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် ကြာသပတေးနေ့။ Thursday, 23 April 2026 ၁၂၁၅၇


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှု ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံအကြား ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ညှော်ဆောင်တော်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသည့် H.E. Mr. Kallayana Vipattipumiprates နှင့် Gen. Nothapol Boonngam နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

## ယနေ့ ဖတ်စရာ


**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို အားပေးကြရမည်**



ဆောင်းပါး စာမျက်နှာ » ၆

**ဆင်္ဂသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၈

**ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့်မြို့များသို့ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲမည်**

စာမျက်နှာ » ၉

# နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးစွမ်းရည်နှင့် စွမ်းအားများမြှင့်တင်

တိုင်းပြည်တစ်ပြည်တွင် နိုင်ငံတော်ကာကွယ်ရေး၊ တိုင်းပြည်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် အရေးအကြီးဆုံးကဏ္ဍများဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အင်အားတောင့်တင်းခိုင်မာသော တပ်မတော်တစ်ရပ်ကို တည်ဆောက်ထားရမည့်အပြင် ပြည်တွင်းလုံခြုံရေးအတွက် ကာကွယ်ရေးနှင့် လုံခြုံရေးစွမ်းရည်နှင့် စွမ်းအားများကို စဉ်ဆက်မပြတ် မြှင့်တင်ပေးထားရမည် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီအစည်းအဝေးကို ဧပြီ ၂၁ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာတွင် “ယခု မိမိတို့ တာဝန်ထမ်းဆောင်ချိန် ၅ နှစ်တာကာလအတွင်း နိုင်ငံတည်ငြိမ် အေးချမ်းရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းရည်နှင့် စွမ်းအားများ မြှင့်တင်ပေးသွားရန်လိုကြောင်း၊ စည်းကမ်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ကောင်းမွန်သည့်အကျင့်(Good Practice) များရှိအောင် လေ့ကျင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သွားလာနေထိုင်မှုနှင့် ဝတ်စားဆင်ယင်မှုများ စည်းကမ်းများကောင်းမွန်ရန်နှင့် အဂတိတရားကင်းရှင်းမှုရှိအောင် ဆောင်ရွက်ပေး ရမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

တပ်မတော်အနေဖြင့် အဓိကတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန် ဖြစ်သော်လည်း လက်ရှိမြန်မာနိုင်ငံ၏ ဖြစ်ပေါ်လာသောအခြေအနေများအရ တပ်မတော်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်လက်တွဲပြီး နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကိုပါ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ ပြည်တွင်းလုံခြုံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်ရှိသော်လည်း ဖြစ်ပေါ်နေသောအခြေအနေများအရ တပ်မတော်သည် ရဲတပ်ဖွဲ့နှင့် ပူးပေါင်း ပါဝင်ဖြေရှင်းပေးနေရခြင်းဖြစ်သည်။ အခြားနိုင်ငံများတွင်လည်း ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများကို တပ်မတော်က ဖြေရှင်းဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်လုံခြုံရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းရည်နှင့်စွမ်းအားမြှင့်တင်ရေးကို ဆက်လက်ဆောင်ရွက် ရမည်ဖြစ်သည်။

ပြီးခဲ့သည့်ကာလများက မြန်မာနိုင်ငံ၏ ရပ်ရွာဒေသလုံခြုံရေးနှင့် နယ်စပ်ဒေသ လုံခြုံရေးတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် ပြည်တွင်း၊ ပြည်ပမှ အကြမ်းဖက်သမားများက သာလွန်အင်အားများစွာဖြင့် အကြမ်းဖက် တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အင်အားဖြင့် မလုံလောက်တော့ သဖြင့် တပ်မတော်က ပါဝင်ဆောင်ရွက်ခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်ခဲ့သောကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူ ဆောင်ရွက်ခဲ့ရာတွင် အစွန်းရောက်နိုင်ငံရေးသမားအချို့နှင့် နိုင်ငံရေး ပယောဂမှိုင်းမိ သူများကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး အကြမ်းဖက်တိုက်ခိုက်မှု များ နိုင်ငံအနှံ့ဖြစ်ပေါ်လာခဲ့ရာ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ လုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည်။

မျက်မှောက်ကာလနှင့် အနာဂတ်ကာလတွင်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းထမ်းဆောင်သွားမည် ဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် နယ်မြေထိန်းသိမ်းသည့် ရဲတပ်ဖွဲ့(Armed Force Police) နှင့် ဥပဒေစည်းကမ်းပိုင်းဆိုင်ရာထိန်းသိမ်းသည့် ရဲတပ်ဖွဲ့(Law Force Police) ဟူ၍ နှစ်မျိုးရှိသည်။ ပြီးခဲ့သည့် ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးနှင့် ပဋိပက္ခနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများစွာရရှိခဲ့သည်ကို တွေ့ရသည်။ နိုင်ငံတော်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို စနစ်တကျ လေ့ကျင့်ဆောင်ရွက်ပေးသွားမည်ဆိုပါ က တပ်ဖွဲ့ဝင်များ၏ စွမ်းရည်စွမ်းပကားများ ယခုထက် ပိုမိုတိုးတက်ကောင်းမွန်လာ မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ယခုအခါ ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွက်လာပြီဖြစ်၍ ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေဖြစ်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်ပေါ်လာ အောင် ပျိုးထောင်မြှင့်တင်ပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဒီမိုကရေစီနိုင်ငံများနှင့်တန်းတူ အဆင့်အတန်းမြင့်မားသည့် တပ်ဖွဲ့ဝင်အင်္ဂါရပ် များနှင့်လျော်ညီအောင် အပြုအမူ အနေအထိုင် ဝတ်စားဆင်ယင်မှုများသာမက အဆင့်မီသည့် အဆောင် အယောင်ပစ္စည်းများကိုပါ ပြည့်စုံအောင်ဖြည့်ဆည်းပေး ရမည်ဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း နိုင်ငံတော်က ဖြည့်ဆည်းမြှင့်တင် ပေးသည့် အဆင့်အတန်းနှင့် လိုက်လျောညီထွေစွာ ကျင့်ကြံလုပ်ကိုင်ကြရမည့်အပြင် အဂတိတရားကင်းရှင်းစွာဖြင့် ပြည်သူများ ယုံကြည်လေးစားအားထားရသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတက လုံခြုံရေးပိုင်းနှင့်ပတ်သက်၍ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းရည်နှင့် စွမ်းအားမြှင့်တင်ရေးကို ဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်နှင့်အညီ တပ်မတော် နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဒီမိုကရေစီနိုင်ငံသစ်တွင် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို အဆင့်အတန်းမြှင့်တင် ကျေပွန်စွာ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၄၇ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်ခြင်း**

နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်သမ္မတရုံးတို့အား အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဘက်ပေါင်းစုံမှ လေ့လာ သုံးသပ်အကြံပြုနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းအား အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## (၂၂-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၃ ~ ၃၆၆၅.၇ | ၅၅၈.၂ ~ ၅၅၈.၅ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၀,၉၇၄,၂၈၈.၀၂ | ၁၅,၄၇၃,၉၁၅.၃၈ | ၃၇,၀၂၈,၈၂၁.၈၃ | ၁,၄၂၀,၀၀၀.၀၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးဝါး နှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စားသုံးကုန်စည်များနှင့် ပြောင်းမျိုးစေ့ များ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၅ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ၂၂ - ၄ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၀၀၀ | ၁၃,၀၀၀ | ၁,၀၂၆ | ၁၃,၂၇၃,၀၀၀ |
| MTSH | ၆,၁၀၀ | ၆,၁၀၀ | ၆,၇၀၄ | ၄၀,၇၁၄,၄၀၀ |
| MCB | ၉,၆၀၀ | ၉,၆၀၀ | ၅ | ၄၈,၀၀၀ |
| FPB | ၃,၉၅၀ | ၄,၀၀၀ | ၃,၃၃၃ | ၁၃,၂၁၁,၃၅၀ |
| TMH | ၃,၂၅၀ | ၃,၂၀၀ | ၄၇ | ၁၅၂,၆၀၀ |
| EFR | ၁,၉၀၀ | ၁,၈၅၀ | ၂,၀၄၄ | ၃,၈၀၈,၁၀၀ |
| AMATA | ၄,၀၀၀ | ၃,၉၅၀ | ၃၇၂ | ၁,၄၅၃,၃၀၀ |
| MAEX | ၄,၀၀၀ | ၃,၉၀၀ | ၉၄၃ | ၃,၆၈၂,၇၀၀ |
| MADPL(PLB) | ၃,၃၅၀ | ၂,၅၃၀ | ၈,၅၈၄,၇၅၀ | ၁၀,၀၆၀,၃၅၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၇ | ၁,၄၂၄,၅၀၀ | ၃,၅၂၇,၆၁၂ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် မြန်မာ–ထိုင်းနှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ သံတမန်ဆက်ဆံမှုများ ရှည်ကြာ ကောင်းမွန်လျက်ရှိမှုအခြေအနေများနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်ရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များ လျှော့ချနိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသ ကုန်သွယ်မှုများမြှင့်တင်နိုင်ရေးအတွက် ကုန်သွယ်မှုလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများကရွေးချယ်သည့် အစိုးရအဖွဲ့က နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့်ဆက်လက်လျှောက်လှမ်းလျက်ရှိမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက် (၅) ရပ်ပါ အချက်များတွင် ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုများနှင့် အခြားအချက်များကို အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ထိုင်းနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**“နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများပပျောက်ရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့များလျှော့ချနိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသကုန်သွယ်မှုများမြှင့်တင်နိုင်ရေးအတွက် ကုန်သွယ်မှုလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး”**

**အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



# ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေသည် မြန်မာနိုင်ငံသို့ အလုပ်သဘော ခရီးစဉ် ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ကို ယနေ့တွင် Jasmine Nay Pyi Taw Hotel ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ–ထိုင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ အမှာစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၂**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်သူရကျင်စံခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ၎င်းတာဝန်များထမ်းဆောင်နိုင်ရန်အတွက် အမှန်တကယ် စွမ်းရည်ရှိသော တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်သားတိုင်း ကိုယ်စီအရည်အချင်းရှိအောင် တည်ဆောက်ရန် လိုကြောင်း၊ နိုင်ငံတော်ကို လုံခြုံစွာကာကွယ်နိုင်ရန်အတွက် စစ်ရေးစွမ်းရည် ထက်မြက်ရမည်ဖြစ်ပြီး ထိုသို့ တပ်မတော် စွမ်းရည်မြင့်မားရန် လူသားစွမ်းရည်မြင့်မားရေးသည် အလွန်အရေးကြီးကြောင်း၊ စွမ်းရည်ဆိုသည့်နေရာတွင် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်များ မြင့်မားနေရန် လိုအပ်ကြောင်း။

တပ်မတော်အနေဖြင့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် တပ်မတော်ဖြစ်ရန် မလွဲမသွေ လိုအပ်ပြီး လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို မမေ့ရန်လိုကြောင်း၊ စစ်ရေးစွမ်းရည်ဆိုသည်မှာ တိုက်စွမ်းရည်၊ တိုက်စွမ်းအားပင်ဖြစ်ကြောင်း၊ စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုများနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်ရေးသည် လူနှင့်သက်ဆိုင်ပြီး စွမ်းရည်မြင့်မားစေရန်အတွက် လေ့ကျင့်ရေးသည် အဓိကပင်ဖြစ်ကြောင်း။

စစ်ပညာ၏ အခြေခံသည် စစ်ရေးပြပင်ဖြစ်ပြီး အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်းကောင်းမွန်စေမှုအတွက် ရည်ရွယ်လေ့ကျင့်ပေးခြင်းဖြစ်၍ စစ်ကျောင်းကြီးများအနေဖြင့် စနစ်တကျ လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ အမိန့်နာခံတတ်မှုတွင် တစ်ဦးချင်းနှင့်အဖွဲ့လိုက်ဟူ၍ရှိပြီး မိမိတို့တပ်မတော်အနေဖြင့် အဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် တစ်ဦးချင်းစွမ်းရည်များစုပေါင်းပြီး အဖွဲ့အစည်း၏စွမ်းရည်များရရှိအောင် တည်ဆောက်ခြင်းဖြစ်ကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ ဇနီး ဒေါ်နီလာ မကွေးတပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့်စည်းရုံးရေး စွမ်းရည်ပါမကောင်းနိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အလွန်အရေးကြီးကြောင်း၊ အုပ်ချုပ်ရေးစွမ်းရည်တွင် စားရေး၊ နေရေး၊ သွားလာနေထိုင်ရေး၊ စစ်စည်းကမ်း ထိန်းသိမ်းရေး အပါအဝင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစား ဆောင်ရွက်သွားရန် လိုအပ်ပြီး တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အားနည်းချက်များကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှု အားနည်းချက်ကိုဖြစ်ပေါ်နိုင်ကြောင်း။

အုပ်ချုပ်ရေးပိုင်းတွင် တပ်မှူးကောင်းစိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကိုယ်ချင်းစာတရားများ ရှိနေရန်လိုပြီး အုပ်ချုပ်မှုညီညွတ်မျှတမှုရှိရန်လိုကြောင်း၊ အုပ်ချုပ်မှုအားနည်းလျှင် စည်းလုံးညီညွတ်မှုကို အားနည်းစေမည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုကောင်းရန် စည်းကမ်းကောင်းမွန်မှုသည် အရေးကြီးကြောင်း၊ စည်းကမ်းဆိုသည်မှာ တိုက်တွန်းချက်နှင့်တားမြစ်ချက်ပင်ဖြစ်ကြောင်း၊ ခေါင်းဆောင်ကောင်းသည် တာဝန်ခံမှု၊ တာဝန်ယူမှု စိတ်ဓာတ်ရှိရမည်ဖြစ်ပြီး ခွင့်လွှတ်သင့်သည်ကို ခွင့်လွှတ်ပေးရမည်ဖြစ်ကာ ခွင့်လွှတ်ပေး၍မရသည့် ကိစ္စရပ်များကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့်ချမှတ်ထားသော စည်းကမ်းဘောင်အတွင်းမှ သွေဖည်ပြီး လုပ်ဆောင်၍မရသဖြင့် စည်းကမ်းကို ချိုးဖောက်ခြင်းသည် ပြစ်မှုကျူးလွန်ခြင်းပင်ဖြစ်ကြောင်း၊ စည်းကမ်းရှိသည့်၊ စည်းကမ်းကောင်းသည့် တပ်မတော်ဖြစ်အောင် အမြဲတမ်းစောင့်ထိန်းလိုက်နာနိုင်ရန် လိုအပ်သော်လည်း အစွန်းရောက်သော တင်းကျပ်မှုမဖြစ်ရန် သတိပြုရမည်ဖြစ်ကြောင်း။

စည်းကမ်းသည် စည်းရုံးရေး၏ အခြေခံအချက်ပင်ဖြစ်ပြီး စည်းကမ်းကောင်းမွန်မှု မရှိပါက စည်းရုံးရေးပျက်ပြားနိုင်သဖြင့် စည်းကမ်းကောင်းမှ စည်းရုံးရေးကောင်းမွန်မည်ဖြစ်ကြောင်း၊ စည်းကမ်းများနှင့်အညီ နေထိုင်လုပ်ကိုင်ရန်လိုအပ်ပြီး ဝတ်စားဆင်ယင်မှုစည်းကမ်း၊ သွားလာမှုစည်းကမ်း၊ နေထိုင်မှုစည်းကမ်း၊ လုပ်ကိုင်မှုစည်းကမ်း စသည်တို့ကို ပီပီပြင်ပြင်လုပ်ဆောင်သွားပါက ၎င်းတပ်သည် တပ်ကောင်းတစ်ခုဖြစ်မည်ဖြစ်ကြောင်း။

သက်သာ ချောင်ချိရေးနှင့်ပတ်သက်၍ တပ်များအပေါ်တွင် စေတနာထား၍ လုပ်ဆောင်ရန် လိုအပ်ပြီး သက်သာချောင်ချိရေးဆိုသည်မှာ စားရေး၊ သောက်ရေးသာမက နေရေး၊ ထိုင်ရေး၊ သွားရေး၊ လာရေး စသည်ဖြင့် အားလုံးခြုံငုံ၍ အဆင်ပြေရန် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ သက်သာချောင်ချိရေးဆိုသည်မှာ ထောက်ပံ့ပေးသည့် ငွေကြေး(သို့မဟုတ်) ပစ္စည်း၊ အစားအသောက် ဆောင်ရွက်ပေးရုံသာမက ၎င်းတို့၏ နေရေးထိုင်ရေး၊ သွားရေးလာရေး၊ ပညာရေး၊ ကျန်းမာရေး စသည်များ အဆင်ပြေစေရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သက်သာချောင်ချိရေးကောင်းမွန်မှုသည် အုပ်ချုပ်ရေးနှင့် စိတ်ဓာတ်အပေါ်များစွာ အထောက်အကူပြုပါကြောင်း။

တစ်ပိုင်တစ်နိုင်စိုက်ပျိုး/ မွေးမြူရေးလုပ်စေခြင်းသည် မိသားစု၏ ပြင်ပမှ ဝယ်ယူစားသုံးမှုအတွက် ငွေကြေးကုန်ကျမှု လျှော့ချနိုင်ရန် ဖြစ်ကြောင်း၊ တပ်ပိုင်စိုက်ပျိုး/ မွေးမြူရေးသည် တပ်ရန်ပုံငွေတိုးပွားအောင် ဆောင်ရွက်ခြင်း မဟုတ်ဘဲ တပ်မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် ဖြစ်ပြီး ပိုလျှံသောထွက်ကုန်ပစ္စည်းများအား ဒေသတွင်းရှိ ဝန်ထမ်းများအတွက် သက်သာသော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို မည်သည့်အတွက်ကြောင့် လုပ်ဆောင်သည်ကို နားလည်စေရန်အတွက် ရှင်းပြပေးရန်လိုအပ်ပြီး တပ်ပိုင်စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ကြရန် လိုကြောင်း။

တပ်မှူးအားလုံးသည် မိမိတို့တပ်ဖွဲ့အတွင်း မှီခိုနေထိုင်ကြသည့် တပ်မတော်သားများ၏ မိသားစုဝင်များ ကျောင်းပညာမြင့်မားရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အားပေးကြရန် ပြောကြားလိုကြောင်း၊ တပ်မတော်သားများ၏ အရည်အသွေးသာမက သားသမီးများ၏ပညာရေးကိုလည်း မြှင့်တင်ပေးနိုင်ရန် တစ်နှစ် နှစ်ကြိမ် ထောက်ပံ့ရန် ညွှန်ကြားထားကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ၏ သားသမီးအားလုံးကို KG+9 အဆင့်အထိ အနည်းဆုံး တတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စိတ်ဓာတ်ဖြင့် တည်ဆောက်ခြင်းအပိုင်းတွင် ရပိုင်ခွင့်များ အချိန်နှင့်တစ်ပြေးညီ ပြည့်ပြည့်ဝဝ ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ပင်ဖြစ်ပြီး လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေး တို့သည်လည်း စိတ်ဓာတ်နှင့် တည်ဆောက်မှုအပိုင်းကို တိုက်ရိုက်သက်ရောက်မှုရှိကြောင်း၊ စစ်သည်များ၏စိတ်ဓာတ်မြင့်မားရေး လုပ်ဆောင်ပေးရမည်ဖြစ်ရာ တပ်မှူးများအနေဖြင့်လက်အောက်နှင့်အနီးကပ် တွေ့ဆုံပြီး လက်ပွန်းတတီးနေထိုင်ရန် လိုအပ်ကြောင်း။

စာမျက်နှာ ၅ သို့★

★ **တပ်မတော်အနေဖြင့် စွမ်းရည် သုံးရပ်နှင့်ပြည့်စုံသည့် တပ်မတော်ဖြစ်ရန် မလွဲမသွေ လိုအပ်ပြီး လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို မမေ့ရန်လို**

★ **စစ်ရေးစွမ်းရည်ဆိုသည်မှာ တိုက်စွမ်းရည်၊ တိုက်စွမ်းအားပင်ဖြစ်ကြောင်း၊ စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုများနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်**

★ **တိုက်စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်ရေးသည် လူနှင့်သက်ဆိုင်ပြီး စွမ်းရည်မြင့်မားစေရန်အတွက် လေ့ကျင့်ရေးသည် အဓိကပင်ဖြစ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၂**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်များသို့သွားရောက်၍ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့် ဆေးရုံအတွက် အလှူငွေများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မကွေးမြို့ရှိနယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

★ စာမျက်နှာ ၄ မှ

ပြည်သူနှင့် တပ်မတော်ဆိုသည်မှာ ခွဲခြား၍မရဘဲ ပြည်သူနှင့် တပ်မတော်သည် ချစ်ချစ်ခင်ခင်နှင့် စည်းစည်းလုံးလုံးရှိနေစေရန် လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးအတွက် (၂၄)နာရီတာဝန်ရှိပြီး ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူများက ပေါက်ဖွားလာခြင်းဖြစ်သည့်အတွက် ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးရန် တာဝန်ရှိသည်ကို မိမိတို့အမြဲတမ်းခံယူထားရမည် ဖြစ်ပြီး နဂိုကတည်းကပင် ရှိပြီးသားဖြစ်ရမည့် စိတ်ဓာတ်ဖြစ်ကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

မိမိတို့ လုပ်ဆောင်ရသောအလုပ်ကို သိရှိအောင်လုပ်ပြီး ၎င်းအလုပ်ကို ကောင်းမွန်အောင် မည်သို့လုပ်ဆောင်မည်၊ တိုးတက်အောင် မည်သို့လုပ်ဆောင်မည်၊ အင်အားတိုးတက်အောင် မည်သို့လုပ်ဆောင်မည်ဟူသော စိတ်ဓာတ်ကို မွေးမြူပြီး ဂရုတစိုက်လုပ်ဆောင်သွားမည် ဆိုပါက မိမိတို့တပ်မတော်၏ အရည်အသွေးတိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ရှိ နယ်မြေခံတပ်ရင်းအတွင်း လက်ရှိ အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်းအဆင့် တိုးချဲ့ဆောက်လုပ်မည့် နေရာအားလည်းကောင်း၊ နယ်မြေခံ လေတပ်စခန်း ဌာနချုပ်အတွင်း မီတာ ၄၀၀ ရော်ဘာပြေးလမ်းပါ ဘောလုံးကွင်းနှင့် ၁၅၅၆ ဦးဆံ့ ပွဲကြည့်ဆောင် ဆောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို အားပေးကြရမည်

**နိုင်ငံတစ်နိုင်ငံအတွက် ပညာရေးကဏ္ဍဟာ ပင်မရေသောက်မြစ်ဖြစ်တယ်လို့ဆိုကြပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်တွေ အများကြီးလိုအပ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေမှာ ပညာတတ်တွေများကြသလို ပညာတတ်တွေများတဲ့နိုင်ငံတွေဟာ အခြားနိုင်ငံတွေထက်ပိုပြီး တိုးတက်ကြပါတယ်။ ဒါကြောင့် နိုင်ငံတိုင်းမှာ ပညာရေးကဏ္ဍကိုအလေးထားပြီး ပညာရေးရင်းနှီးမြှုပ်နှံမှုတွေကို ဆောင်ရွက်နေကြပါတယ်။**

**စောအောင်လင်း**

ပညာဆိုတာ ခွဲခြားသိမြင်နိုင်သော အသိဉာဏ်၊ အတတ်လို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အလုပ်တိုင်းမှာ ပညာတတ်မြောက်သူတွေက သာမန်သူတွေထက် ပိုပြီးတိုးတက်အောင်မြင်ကြပါတယ်။ ပညာမဲ့တဲ့သူ၊ နိမ့်ပါးသူတွေကတော့ ဘဝကို ပင်ပန်းကြမ်းတမ်းစွာ ဖြတ်သန်းရုန်းကန်ကြရပါတယ်။ ပညာတတ်တွေနဲ့သာ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပိုပြီးတိုးတက်အောင် ဆောင်ရွက်နိုင်ပါမယ်။ ပညာတတ်တွေနည်းပါးရင် မိမိအပါအဝင်၊ မိသားစု၊ ရပ်ရွာဒေသနဲ့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ အောင်မြင်အောင် ဆောင်ရွက်ဖို့ ခက်ခဲနိုင်ပါတယ်။ ဖိုးသုညတွေနဲ့ နိုင်ငံတည်ဆောက်လို့မရဘူးလို့ ဆိုပါတယ်။

### မှားယွင်းတဲ့အယူအဆကြောင့် ပညာတတ်တွေနည်းပါးခဲ့

လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ လူတိုင်း ပညာတတ်မြောက်မှုအားနည်းခဲ့ပါတယ်။ စစ်အတွင်း ပညာသင်ကြားဖို့ ခက်ခဲခဲ့ကြပါတယ်။ တချို့က သေစာ ရှင်စာ ဖတ်တတ်ရင် တော်လောက်ပြီဆိုတဲ့ မှားယွင်းတဲ့အယူအဆကြောင့် ပညာတတ်တွေ နည်းပါးခဲ့ပါတယ်။ အထူးသဖြင့် မြို့ပြနေကြသူတွေထက် ကျေးလက်ဒေသမှာ နေထိုင်ကြသူတွေဟာ ပညာတတ်မြောက်မှုပိုပြီး နည်းပါးကြပါတယ်။ အမြင်ကျယ်သူတွေကတော့ မိမိတို့ရဲ့ သားသမီးတွေကို ပညာတတ်ဖြစ်အောင် ပျိုးထောင်ပေးခဲ့ကြပါတယ်။ ဘယ်လိုဖြစ်ဖြစ် ပညာတတ်သူနဲ့ ပညာနည်းသူရဲ့ အရည်အသွေးတွေဟာ ကွာခြားနေတာကြောင့် ကျောင်းနေအရွယ်ကစပြီး ပညာတတ်မြောက်အောင် သင်ကြားပေးကြဖို့လိုပါတယ်။

အရင်က ပညာကို အတတ်ပညာနဲ့ အသိပညာလို့ ခွဲခြားနိုင်ပေမယ့် လက်ရှိကာလမှာ နည်းပညာဆိုတာလည်း ပါဝင်လာပါတယ်။ အတတ်ပညာဆိုတာ နှုတ်မှုလက်မှုပညာ၊ အသိပညာဆိုတာ ကြားမြင်ရာမှဖြစ်စေ၊ ဖတ်ရှုလေ့လာရာမှဖြစ်စေ ရရှိတာဖြစ်ပါတယ်။ နည်းပညာဆိုတာကတော့ တိုးတက်ပြောင်းလဲနေတဲ့ အခြေအနေတွေအရ ပေါ်ပေါက်လာတဲ့ အရည်အသွေးမြင့်တဲ့ ပညာရပ်တစ်ခုဖြစ်ပါတယ်။ အတတ်ပညာ၊ အသိပညာတွေကို သင်ယူကြရမှာဖြစ်သလို နည်းပညာတွေကိုလည်း လေ့လာသင်ယူကြဖို့ လိုအပ်လာပါတယ်။

ဘယ်လိုပညာမျိုးကို သင်ယူသည်ဖြစ်စေ သင်ယူသူရဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ကြိုးစားသင်ယူလိုစိတ်က အရေးကြီးပါတယ်။ ပညာအတူ သင်ယူခဲ့ကြတာမှန်ပေမယ့် တစ်ဦးချင်းစီရဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ကြိုးစားသင်ယူမှုတွေ မတူညီကြတာကြောင့် ပညာတတ်မြောက်မှုတွေ ကွဲပြားသွားပါတယ်။ ဒါကြောင့် ဥစ္စာရှာတဲ့ ဒုတိယအရွယ်မှာ ပညာတတ်မြောက်မှုအပေါ်မူတည်ပြီး ဆင်းရဲချမ်းသာဆိုတဲ့အလွှာတွေ ကွဲပြားသွားတာဖြစ်ပါတယ်။

ပညာသင်တဲ့အခါ အခြေခံကစပြီး သင်ယူကြတာမှန်ပေမယ့် တစ်ဦးချင်းစီရဲ့ ခံယူနိုင်မှု စွမ်းအား၊ ကြိုးစားအားထုတ်မှုနဲ့ ပြန်လည်အသုံးချနိုင်မှုတွေအပေါ်မူတည်ပြီး အရည်အသွေးတွေ မတူညီကြတာဖြစ်ပါတယ်။ ဥပမာအနေနဲ့ မူလတန်းပညာ စပြီးသင်ကြတော့ မြန်မာအက္ခရာတွေက အဝိုင်းပုံစံဖြစ်တာကြောင့် ဝလုံးကို ဝိုင်းနေအောင်ရေးတတ်ဖို့ အရင်ဆုံး ဝလုံးအက္ခရာရေးတာကို စပြီးသင်ခဲ့ကြရပါတယ်။ အတန်းတွေကြီးလာတဲ့အခါ ခံယူနိုင်မှုနဲ့ပြန်လည်အသုံးချမှုတွေ မတူညီကြတာကြောင့် လက်ရေးလှတဲ့သူနဲ့ လက်ရေးမလှတဲ့သူဆိုပြီး ကွဲပြားသွားပါတယ်။ ဒါကြောင့် ပညာသင်ယူချိန်မှာ သင်ကြားမှုတွေကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင် ကြိုးစားသင်ယူကြရပါမယ်။

နိုင်ငံတော်အနေနဲ့ ပညာတတ်တွေပေါ်များလာဖို့နဲ့ နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်အောင် ပညာရေးကဏ္ဍကို အားပေးမြှင့်တင်ပေးနေပါတယ်။ တစ်ဖက်မှာလည်း မိဘဆရာပူးပေါင်း၊ ကလေးပညာ ကောင်းဆိုတဲ့ဆောင်ပုဒ်နဲ့အညီ နိုင်ငံတော်ရဲ့ ဦးဆောင်မှုနဲ့ မိဘတွေနဲ့ ဆရာတွေကလည်း မိမိတို့သားသမီး၊ တပည့်တွေကို ပညာတတ်တွေဖြစ်အောင်၊ ထူးချွန်ထက်မြက်သူတွေဖြစ်အောင် ဆောင်ရွက်ပေးကြရပါမယ်။

### ကျောင်းတက်ရောက်မှုဟာ တဖြည်းဖြည်းလျော့ကျလာ

ပညာတက်ရောက်သင်ယူမှုနဲ့ ပတ်သက်ပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအရ အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်မှုဟာ တဖြည်းဖြည်း လျော့ကျလာတယ်လို့ သိရပါတယ်။ အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်မှုမှာ ၁၄ နှစ်နဲ့ ၁၅ နှစ်ကြား အုပ်စုမှာ ၇၆ ရာခိုင်နှုန်း၊ ၁၅ နှစ်မှ ၂၄ နှစ်ကြား အုပ်စုမှာ ၃၁ ဒသမ ၆ ရာခိုင်နှုန်းနဲ့ ၂၅ နှစ်အထက်အုပ်စုမှာ သုည ဒသမ ၃ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။ ဒါဟာ အနာဂတ်နိုင်ငံအတွက် ကောင်းမွန်တဲ့အလားအလာမဟုတ်လို့ နိုင်ငံတော်အနေနဲ့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနှုန်း တိုးမြှင့်လာဖို့နဲ့ ကျောင်းထွက်နှုန်းကျဆင်းရေး၊ ကျောင်းမနေနိုင်တဲ့အရွယ်တွေကို ကျောင်းပြင်ပပညာတွေ သင်ယူနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတွေကို အလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားဖို့အတွက် နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော်နေပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်နိုင်ရေးနဲ့ KG + 9 ပြီးမြောက်ရေး၊ အလယ်တန်းပညာရေး ပြီးဆုံးအောင်မြင်သူတွေကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွေမှာ တက်ရောက်သင်ယူနိုင်ရေး၊ အသက်မွေးဝမ်းကျောင်းအခြေခံတွေ ရရှိနိုင်ဖို့ Grade 10၊ Grade 11၊ Grade 12 အတန်းတွေမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုနည်းပညာရပ်များ သင်ကြားနိုင်ရေး၊ အဆင့်မီသူတွေကို သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တွေမှာ ဆက်လက် ပညာသင်ကြားနိုင်ရေးအစီအမံတွေကို အကောင်အထည်ဖော်လျက်ရှိတာ တွေ့ရပါတယ်။

အနာဂတ်မှာ ပညာတတ်လူငယ်တွေ များပြားလာစေဖို့ Polytechnic University တွေ ကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီနေ့ခေတ်ဟာ နည်းပညာခေတ်ဖြစ်တဲ့အတွက် နည်းပညာနဲ့ ကွန်ပျူတာတက္ကသိုလ်တွေရဲ့ အရည်အသွေးကိုလည်း မြှင့်တင်ပေးခဲ့ပါတယ်။ အထူးသဖြင့် နေပြည်တော်မှာ Naypyitaw State Academy နဲ့ Naypyitaw State Polytechnic University တွေကို ဖွင့်လှစ်ပြီး တိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

### သားသမီးတွေရဲ့ပညာရေးကို စတင်ပျိုးထောင်

မိဘတွေအပိုင်းမှာ မိဘတွေဟာ လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနဲ့ဖ ဆိုတဲ့ စကားအတိုင်း သားသမီးတွေရဲ့ ပညာရေးကို စတင်ပျိုးထောင်ပေးသူတွေဖြစ်ပါတယ်။ ကျောင်းနေအရွယ် ရောက်တာနဲ့ သားသမီးတွေကို ပညာတတ်တွေဖြစ်အောင်၊ လိမ္မာယဉ်ကျေးအောင်၊ ဘဝအခြေခံအုတ်မြစ်ခိုင်မာအောင် ကျောင်းအပ်နှံပြီး ပညာစတင်သင်ယူစေကြပါတယ်။ တချို့မိဘတွေဆိုရင် စားဝတ်နေရေးအတွက် ရုန်းကန်ရှာဖွေရင်း သားသမီးတွေရဲ့ အနာဂတ်ဘဝမှာ ပညာတတ်တွေဖြစ်လာအောင် ကြိုးစားပြီး ကျောင်းထားပေးကြပါတယ်။

မိဘဟာ ဥယျာဉ်မှူးဖြစ်ပြီး သားသမီးတွေဟာ ဥယျာဉ်အတွင်းမှာစိုက်ပျိုးထားတဲ့ သစ်သီးဝလံ ပန်းမန်တွေသဖွယ် ဖြစ်ပါတယ်။ ဥယျာဉ်မှူးရဲ့ ပြုစုပျိုးထောင်မှုဟာ စိုက်ပျိုးထားတဲ့အပင်တွေ ဖြစ်ထွန်းအောင်မြင်မှုတွေက သက်သေပြပါတယ်။ မိမိသားသမီးတွေ ပညာတတ်တွေဖြစ်မှ သူတို့ဘဝလမ်းခရီးကို ဖြောင့်တန်းနိုင်မှာဖြစ်တဲ့အတွက် ဘယ်လိုပဲအခက်အခဲတွေရှိပါစေ အခက်အခဲတွေကို ရင်ဆိုင်ပြီး အနည်းဆုံး အခြေခံပညာအဆင့်တော့ တတ်မြောက်အောင် ကြိုးစားပေးကြဖို့ တိုက်တွန်းလိုပါတယ်။



နေပြည်တော်ကောင်စီနယ်မြေ၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသည့် ကျောင်းသားကျောင်းသူများကို တွေ့ရစဉ်။

> **အလုပ်တိုင်းမှာ ပညာတတ်မြောက်သူတွေက သာမန်သူတွေထက် ပိုပြီးတိုးတက်အောင်မြင်ကြပါတယ်။ ပညာမဲ့တဲ့သူ၊ နိမ့်ပါးသူတွေကတော့ ဘဝကို ပင်ပန်းကြမ်းတမ်းစွာ ဖြတ်သန်းရုန်းကန်ကြရပါတယ်။ ပညာတတ်တွေနဲ့သာ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပိုပြီးတိုးတက်အောင် ဆောင်ရွက်နိုင်ပါမယ်။ ပညာတတ်တွေနည်းပါးရင် မိမိအပါအဝင်၊ မိသားစု၊ ရပ်ရွာဒေသနဲ့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ အောင်မြင်အောင်ဆောင်ရွက်ဖို့ ခက်ခဲနိုင်ပါတယ်။ ဖိုးသုညတွေနဲ့ နိုင်ငံတည်ဆောက်လို့မရဘူးလို့ဆို**

> **အရင်က ပညာကို အတတ်ပညာနဲ့ အသိပညာလို့ ခွဲခြားနိုင်ပေမယ့် လက်ရှိကာလမှာ နည်းပညာဆိုတာလည်း ပါဝင်လာပါတယ်။ အတတ်ပညာဆိုတာ နှုတ်မှုလက်မှုပညာ၊ အသိပညာဆိုတာ ကြားမြင်ရာမှဖြစ်စေ၊ ဖတ်ရှုလေ့လာရာမှဖြစ်စေ ရရှိတာဖြစ်ပါတယ်။ နည်းပညာဆိုတာကတော့ တိုးတက်ပြောင်းလဲနေတဲ့ အခြေအနေတွေအရ ပေါ်ပေါက်လာတဲ့ အရည်အသွေးမြင့်တဲ့ ပညာရပ်တစ်ခုဖြစ်ပါတယ်။ အတတ်ပညာ၊ အသိပညာတွေကို သင်ယူကြရမှာဖြစ်သလို နည်းပညာတွေကိုလည်း လေ့လာသင်ယူကြဖို့လိုအပ်**

စာမျက်နှာ ၇ သို့

# မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ


## စွမ်းအင်ကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် မေ ၂၂**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် နေပြည်တော်သို့ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်သည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးမှုတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ယခုအချိန်သည် နှစ်နိုင်ငံစလုံးတွင် အစိုးရသစ်များ အသီးသီးဖွဲ့စည်းခဲ့ပြီး အရေးကြီးသည့် အကူးအပြောင်းကာလဖြစ်ရာ နှစ်နိုင်ငံအကြား၌ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် ဆောင်ရွက်သွားရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသော နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ နယ်စပ်ဒေသတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမဝင်ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြားရှိ ပူးပေါင်းဆောင်ရွက်ရေးယန္တရားများဖြစ်သည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်(JC) နှင့် ကုန်သွယ်ရေးပူးတွဲကော်မရှင် (JTC) တို့ ပြန်လည်စတင်နိုင်ရေး၊ စွမ်းအင်ကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ယခုခရီးစဉ်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြုသဘော ဖြစ်ပေါ်တိုးတက်မှုကို အသိအမှတ်ပြုထောက်ခံမှုပြသသော ခရီးစဉ်တစ်ခုဖြစ်သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ထိုင်းနိုင်ငံအနေဖြင့် ထောက်ခံပံ့ပိုးပေးခြင်းအတွက် ကျေးဇူးတင်ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှုသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေမည့်အပြင် နှစ်နိုင်ငံနယ်စပ်နေပြည်သူများ၏ သာယာဝပြောရေးအတွက် အထူးအရေးကြီးပါသဖြင့် နယ်စပ်ဒေသရှိ စိန်ခေါ်မှုများကို ဖြေရှင်းရာ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံက ပံ့ပိုးပေးရန် ဆန္ဒရှိမှုအား ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မူဘောင်ကိုအခြေခံ၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။



ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်မှုအပေါ် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်ဆန်းတစ်ရက်နေ့တွင် အကျဉ်းသားများ လွှတ်ပေးခဲ့ခြင်းကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် လက်နက်ကိုင်အဖွဲ့များအား ဖိတ်ခေါ်ခဲ့ခြင်းကိုလည်း ကြိုဆိုပါကြောင်း၊ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုများကို အသိအမှတ်ပြုပါကြောင်းနှင့် ထိုင်းနိုင်ငံအနေဖြင့် ပါဝင်ပံ့ပိုးပေးလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိရေးအတွက် ထောက်ခံပံ့ပိုးပေးရန် အသင့်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာဖွံ့ဖြိုးမှု အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် Jasmine Nay Pyi Taw Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ထိုင်းနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

❑ စာမျက်နှာ ၆ မှ

### နိုင်ငံတော်အတွက် တန်ဖိုးရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်

ဆရာများအပိုင်းမှာလည်း ဆရာဆိုတာ ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြသူတွေ ဖြစ်ပါတယ်။ တပည့်တွေကို ကျောင်းစာတွေကိုသာမကဘဲ စည်းကမ်းကောင်းအောင်၊ လိမ္မာယဉ်ကျေးအောင်၊ ပညာထူးချွန်ထက်မြက်အောင်၊ အသိပညာတွေတိုးတက်မြင့်မားလာအောင်၊ ရိုးသားကြိုးစားသူတွေဖြစ်လာအောင် ပြုစုပျိုးထောင်ပေးသူတွေဖြစ်ပါတယ်။ ဝါသနာ၊ စေတနာ၊ အနစ်နာတွေနဲ့ တပည့်တွေကို ပညာသင်ပေးရင်း နိုင်ငံတော်အတွက် တန်ဖိုးရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးနေသူတွေဖြစ်ပါတယ်။

ဆရာတွေဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျတဲ့ပညာရေးကဏ္ဍမှာ သင်ကြားရေးတာဝန်ထမ်းဆောင်နေသူတွေ ဖြစ်ပါတယ်။ အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာဆိုတဲ့ ဆရာ့ဝတ္တရားတွေနဲ့အညီ ကျင့်ကြံနေသူတွေ ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာ တချို့ဆရာဆိုသူတွေဟာ ကိုယ့်ယုံကြည်ချက်၊ ပုဂ္ဂိုလ်ရေး၊ အဖွဲ့အစည်းအစွဲအလမ်းတွေနဲ့ ကိုယ်တိုင်မလုပ်သင့်တာတွေလုပ်ခဲ့ကြပြီး တပည့်တွေကိုလည်း လမ်းမှားရောက်အောင် တွန်းပို့ခဲ့ကြတာတွေကို စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါတယ်။ ဒီလုပ်ရပ်တွေကြောင့် မိမိရော၊ တပည့်တွေပါ ဆိုးကျိုးတွေ ခံစားကြရပါတယ်။ ဆရာဆိုတဲ့ ဂုဏ်သိက္ခာကို မိမိကိုယ်တိုင်သာ ထိန်းသိမ်းစောင့်ရှောက်နိုင်ပါတယ်။ ကျဉ်းမြောင်းတဲ့အမြင်တွေစွန့်ပယ်ပြီး နိုင်ငံတော်ရဲ့အကျိုး၊ တပည့်တွေရဲ့ဘဝရှေ့ရေးကို ဦးစားပေးပြီး ဆင်ခြင်လုပ်ကိုင်သင့်ပါတယ်။

လူငယ်တွေအပိုင်းမှာတော့ လူငယ်ဆိုတာ နိုင်ငံရဲ့အနာဂတ်ကို ပိုင်ဆိုင်ကြသူတွေဖြစ်ပါတယ်။ လူငယ်တိုင်းက နိုင်ငံကိုဦးဆောင်နိုင်သူ မဖြစ်နိုင်ပေမယ့် နိုင်ငံတော်ရဲ့အနာဂတ်ကို အကောင်အထည်ဖော်ကြမယ့် နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်ပါတယ်။ လူငယ်တွေကိုယ်တိုင်က ကိုယ်ကျင့်တရား ကောင်းမွန်သူ၊ စိတ်ဓာတ်မြင့်မားသူ၊ ဗလငါးတန်နဲ့ပြည့်စုံပြီး အရည်အချင်း၊ အရည်အသွေးပြည့်ဝ တဲ့သူ၊ ထူးချွန်ထက်မြက်သူတွေဖြစ်အောင် ကြိုးစားနေထိုင်ကြရပါမယ်။ တစ်ဖက်က မိမိဆီကို အချိန်မရွေးရောက်လာနိုင်တဲ့ မှားယွင်းတဲ့အတွေးအခေါ် အယူအဆတွေ၊ ဆိုးကျိုးဖြစ်နိုင်တဲ့အလုပ်တွေကို ကိုယ်ပိုင်အသိနဲ့ ဝေဖန်ပိုင်းခြား လုပ်ကိုင်တတ်ဖို့လိုပါတယ်။

အရင်းအနှီးတွေ များများစိုက်ထုတ်နိုင်မှ အကျိုးအမြတ်များများ ခံစားရမယ်ဆိုတဲ့ သဘောအရ မိမိရဲ့ဘဝကို ပညာသင်ယူမှုတွေနဲ့ ထူးချွန်ထက်မြက်သူတွေဖြစ်အောင် အရင်းအနှီးပြုရပါမယ်။ ပညာသင်ရမယ့်အရွယ်မှာ ထူးချွန်ထက်မြက်တဲ့ ပညာတတ်တွေဖြစ်အောင် ကြိုးစားမှုဆိုတဲ့ အရင်းအနှီးတွေ စိုက်ထုတ်ပြီး ပညာသင်ယူကြရပါမယ်။

အချုပ်အားဖြင့်ဆိုရရင် ပညာရေးကဏ္ဍဟာ တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ ဆောင်ရွက်မရဘဲ ရေရှည်ဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်တဲ့အတွက် နိုင်ငံတော်၊ မိဘ၊ ဆရာတွေနဲ့ လူငယ်တွေ ပူးပေါင်းလုပ်ကိုင်ကြဖို့လိုပါတယ်။ နိုင်ငံတည်ဆောက်ကြရာမှာ ပညာတတ်တွေများများနဲ့ တည်ဆောက်မှသာ အဆင့်မြင့်တဲ့၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို ပိုင်ဆိုင်ကြပါမယ်။ ဒါကြောင့် နိုင်ငံတော်၊ မိဘ၊ဆရာများနဲ့ လူငယ်တွေပူးပေါင်းပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ပညာရေးကဏ္ဍကို အားပေးဆောင်ရွက်သွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၂၂

ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာ့အေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အတွင်း၌ ကျင်းပမည့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (မြေညီထပ်)၌ ကျင်းပသည်။





အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်နှင့်ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဧပြီ ၃၀ ရက်တွင် ကျရောက်မည့် ကဆုန်လပြည့် ဗုဒ္ဓနေ့သည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်မြောက်သည့် နေ့ဖြစ်သည့်အတွက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲနှစ် (၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာ့အေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် သုံးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ကျင်းပရေး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့နှင့် ဦးစီးကော်မတီတို့ကို ပြန်လည်ဖွဲ့စည်းပေးနိုင်ရေး ဝန်ကြီးဌာနအနေဖြင့် တင်ပြခဲ့ပြီးဖြစ်ကြောင်း။ သံဃာတော်များ ပင့်ဆောင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီအနေဖြင့် ဖိတ်စာနှင့် ပင့်လျှောက်လွှာများ လက်ခံရရှိခြင်း ရှိ/မရှိကိုပါ စိစစ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးရုံးကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြန်လည်တင်ပြပေးရန်လိုကြောင်း၊ အထိမ်းအမှတ်အထူးပြပွဲ ဓာတ်ပုံပြခန်းနှင့် ရုပ်တုများ ခင်းကျင်းပြသရေးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ စီစဉ်ဆောင်ရွက်ရေး ဆပ်ကော်မတီအနေဖြင့် ပြတိုက်ပြခန်းများ ခင်းကျင်းပြသရမည့် အခြေအနေများကို ရှင်းပြမည့် တာဝန်ရှိသူများအား အင်္ဂလိပ်ဘာသာ၊ ပါဠိဘာသာ အသုံးအနှုန်းကအစ ကြိုတင်ပြင်ဆင် လေ့ကျင့်ထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ အထိမ်းအမှတ်စာစောင်နှင့် အထိမ်းအမှတ်ပစ္စည်းများထုတ်ဝေရေး ဆပ်ကော်မတီအနေဖြင့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေရေး ဆောင်ရွက်လျက်ရှိရာ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်ဘက်မဖြစ်သည့် စာမူများဖြစ်ရန်၊ အဓမ္မဝါဒီစာမူများမဖြစ်စေရန်လိုအပ်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ဥယျောဇဉ်နှင့် သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို သဝဏ်လွှာနှင့်မိန့်ခွန်းများ စိစစ်တည်းဖြတ်ရေးအဖွဲ့ဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာနသို့ ဧပြီ ၈ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ ဒေဝါဝင်း ရာဇာဝင်းများဖြင့် လှည့်လည်ပူဇော်ရေးနှင့် ဖျော်ဖြေရေး ဆပ်ကော်မတီအနေဖြင့် ပိဋကသုံးပုံကို မင်္ဂလာဆင်တော်ဖြင့် ပင့်ဆောင်မည့် အခြေအနေနှင့် လေ့ကျင့်သင်ကြားပေးနေသည့် မင်္ဂလာဆင်တော်၏ အခြေအနေကိုလည်း တင်ပြပေးစေလိုကြောင်း၊ ဆပ်ကော်မတီအသီးသီးနှင့် တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက အခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ဖွယ်ရာများ၊ ဆောင်ရွက်ရမည့် အစီအမံများ၊ ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ အကြံပြုချက်များကို ဆွေးနွေးပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကျင်းပရေးနာယကအဖွဲ့ဝင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အထိမ်းအမှတ်အထူးပြပွဲ ဓာတ်ပုံပြခန်းနှင့် ရုပ်တုများ ခင်းကျင်းပြသရေးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ စီစဉ်ဆောင်ရွက်ရေး ဆပ်ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များအလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ အထိမ်းအမှတ်စာစောင်နှင့် အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရေး ဆပ်ကော်မတီအနေဖြင့် ဆဋ္ဌသင်္ဂါယနာတင် ၃၁ အုပ် Scan ဖတ်ပြီး အုပ်ရေ ၅၀၀ ပြသနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အထိမ်းအမှတ်ပစ္စည်းများအနေဖြင့် တီရှပ်၊ ရေခွက်၊ ကီးချိန်း၊ ဘောပင်၊ ပြက္ခဒိန်များ ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အစွမ်းကုန် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ နေ့ရက်အလိုက် ကျင်းပမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများနှင့် သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများကို အသေးစိတ် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်ငန်းများ အချိန်မီ ပြီးစီးရေးအတွက် လိုအပ်သည်များ မှာကြားပြီး ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၂

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း/ အားကစားရုံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ သွားရောက်၍ ညှော့ခန်းမ၌ မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ Synthetic ပြေးလမ်း၊ Indoor Stadium (A , B , C) ရုံ၊ ရေကူးကန်၊ ဖူဆယ်အားကစားရုံ၊ လက်ဝှေ့အားကစားရုံ၊ ဘိလိယက်နှင့် စနူကာအားကစားရုံ၊ မြားပစ်အားကစားကွင်းနှင့် ဘိုးလင်းအားကစားခန်းမတို့ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို Max Myanmar ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူနှင့် အားကစားကွင်း/ အားကစားရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းတို့က ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း VIP မှန်ညှော့ခန်းမ မျက်နှာကြက်နှင့် အခန်းပတ်လည်မျက်နှာစာမှန်များ တပ်ဆင်ပြီးစီးမှု၊ Synthetic ပြေးလမ်း ခင်းကျင်းပြီးစီးမှု၊ ဘောလုံးကွင်းမြက်ခင်းပြင်နှင့် ရေဖျန်းစနစ် တပ်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြက်ခင်းပြင် စိမ်းလန်းစိုပြည်စေရေးနှင့် ပြေးလမ်းများ ရေရှည်တည်တံ့စေရေးအတွက် ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၊ (B)နှင့် (C)တို့ကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိရေကူးကန်အတွင်းရှိ ပြိုင်ပွဲကန်၊ ဒိုင်ဗင်ကန်နှင့် လေ့ကျင့်ရေးရေကူးကန်၊ ဖူဆယ်အားကစားရုံ၊ လက်ဝှေ့အားကစားရုံနှင့် ဘိလိယက်နှင့်စနူကာအားကစားရုံ၊ မြားပစ်အားကစားကွင်းနှင့် ဘိုးလင်းအားကစားခန်းမတို့ကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်ပြည့်မီပြီး အရည်အသွေးကောင်းမွန်စေရေး၊ ရေရှည်တည်တံ့စေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးတို့အတွက် တာဝန်ရှိသူများက စေတနာထား၍ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့ပြီး ပြည်သူများ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ လာရောက်လေ့ကျင့်ကစားနိုင်စေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပိုမိုမွေးထုတ်ပေးနိုင်စေရေးတို့အတွက် စနစ်တကျစီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရွှေဘိုမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ၊ UID ကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေး

ရွှေဘို ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ အစိုးရသစ် ရက် ၁၀၀ ကာလအတွင်း လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ၊ UID ကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရွှေဘိုခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်ထွန်းနိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်တို့က နိုင်ငံသားစိစစ်ရေးကတ်များ၊UID ကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်နေသည့် ပြည်သူများအား ကြည့်ရှုအားပေးသည်။

အဆိုပါကာလအတွင်း ရပ်ကွက်/ကျေးရွာများမှ လာရောက်လုပ်ကိုင်သော ပြည်သူများ ပိုမိုအဆင်ပြေစေရန်အတွက် လုံခြုံရေးအစောင့်အရှောက်ရှိသော ပြည်သူများနားနေဆောင်တွင် ဖိတ်ခေါ်ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၂ ရက်အထိ နိုင်-၃(က) ၈၇ ဦး၊ နိုင်-၆(က) ၁၂၁ ဦး စုစုပေါင်း ၂၀၈ ဦးကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့်မြို့များသို့ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲမည်

**နေပြည်တော် ဧပြီ ၂၂**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း အနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်မြို့များသို့ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေ လွယ်ကူချောမွေ့စေရေးအတွက် ၂၀၂၆ ခုနှစ် ဧပြီ ၂၄ ရက်မှစတင်ကာ လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲရာတွင် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်အတွင်းရှိ မာန်အောင်မြို့နှင့် ကျောက်ဖြူမြို့တို့သို့ ရက်သတ္တတစ်ပတ်လျှင် သုံးရက်ဖြင့် အောက်ပါအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | ပြေးဆွဲမည့်နေ့ | ခရီးစဉ် |
|---|---|---|
| ၁ | တနင်္လာနေ့ | ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန် |
| ၂ | ဗုဒ္ဓဟူးနေ့ | ရန်ကုန်-ကျောက်ဖြူ-မာန်အောင်-ရန်ကုန် |
| ၃ | သောကြာနေ့ | ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန် |

အလားတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်လေဆိပ်ကိုအခြေပြုကာ ထားဝယ်မြို့၊ ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့တို့သို့ ရက်သတ္တတစ်ပတ်လျှင် ၆ ရက်ဖြင့် အောက်ပါအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | ပြေးဆွဲမည့်နေ့ | ခရီးစဉ် |
|---|---|---|
| ၁ | တနင်္လာနေ့ | မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် |
| ၂ | အင်္ဂါနေ့ | မြိတ်-ထားဝယ်-မြိတ် |
| ၃ | ဗုဒ္ဓဟူးနေ့ | မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် |
| ၄ | ကြာသပတေးနေ့ | မြိတ်-ထားဝယ်-မြိတ် |
| ၅ | သောကြာနေ့ | မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် |
| ၆ | တနင်္ဂနွေနေ့ | မြိတ်-ထားဝယ်-မြိတ် |

တိုးချဲ့ပျံသန်းမည့် လေယာဉ်ခရီးစဉ် အသေးစိတ်အချက်အလက်များနှင့် လေယာဉ်လက်မှတ်များအား မြန်မာအမျိုးသားလေကြောင်း Website ဖြစ်သည့် www.flymna.com တွင် ဝင်ရောက်ကြည့်ရှု ဝယ်ယူနိုင်ပြီး သက်ဆိုင်ရာမြို့များရှိ လေယာဉ်လက်မှတ် အရောင်းကိုယ်စားလှယ်များထံတွင်လည်း ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၂၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသုံးသပ်ပြီး တိုးတက်ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေနှင့် အခြားရရှိနိုင်မည့် နည်းလမ်းများကိုလည်း စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများကိုလည်း အမြန်ဆုံးပြီးစီးနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများကို တွန်းအားပေးကြပ်မတ်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်ဖျက်ဆီးခံရသည့် အချို့သော ရေအားလျှပ်စစ်စီမံကိန်းများ၊ မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင်လည်း အကြမ်းဖက်တိုက်ခိုက်မှုများခံရပြီး မိမိတို့ဝန်ထမ်းများ သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရမှုများကြောင့် နှောင့်နှေးကြန့်ကြာမှုများရှိပါကြောင်း၊ စီမံကိန်းများပြီးစီးမှုနောက်ကျခဲ့ခြင်းကြောင့် ပြည်သူလူထု၏ ဓာတ်အားလိုအပ်ချက်ကို ပြည့်ဝစွာဖြည့်ဆည်းပေးနိုင်ခြင်းမရှိခဲ့ကြောင်း၊ LNG သည် ဈေးနှုန်းကြီးမြင့်သော်လည်း လတ်တလောတွင် အချိန်အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်း သုံးစွဲနေကြရမည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီမံထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် LNG ဖြင့် ပို့လွှတ်သည့် လျှပ်စစ်ဓာတ်အားကို တစ်ယူနစ်လျှင် ကျပ် ၉၀၀ နှုန်း သီးသန့်ဓာတ်အားလိုင်းဖြင့် ဓာတ်အားဖြတ်တောက်မှုမရှိဘဲ စက်မှုဇုန်များ၊ လုပ်ငန်းကြီးများသို့ ဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများနှင့် ပူပြင်းသည့် ယခုကာလများတွင် အများပြည်သူ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲခွင့်ရရှိနိုင်ရန် ရရှိနိုင်သည့်စွမ်းအင်အရင်းအမြစ်များကို စနစ်တကျ စစ်ထုတ်သုံးစွဲပြီး Power Generation ကို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစနစ်များကို တွက်ချက်မှုများ ဆောင်ရွက်ပြီးနောက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတို့မှ လက်ရှိဓာတ်အားထုတ်လုပ်နေမှုအပြင် ပိုမိုရရှိလာသော သဘာဝဓာတ်ငွေ့ဖြင့် ထိရောက်မှုရှိအောင် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် အစီအမံများကိုချမှတ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ၁၆ နာရီမှ ၁၈ နာရီ ဓာတ်အားဖြန့်ဖြူးနေမှုအစား ၁၈ နာရီမှ နာရီ ၂၀ အထိ တိုးမြှင့်၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ၁၄ နာရီမှ ၁၆ နာရီအစား ၁၆ နာရီမှ ၁၈ နာရီအထိ တိုးမြှင့်၍လည်းကောင်း၊ အခြားပြည်နယ်/တိုင်းဒေသကြီးများအတွက် ၁၂ နာရီခန့် ဓာတ်အားဖြန့်ဖြူးနေမှုအစား အနည်းဆုံး ၁၄ နာရီ နေ့စဉ်ဖြန့်ဖြူးပေးခြင်းကို ယနေ့မွန်းလွဲ ၃ နာရီမှ စတင်တိုးမြှင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တံတားဦးမြို့နယ် ဇီးချောင်းကျေးရွာသို့ သောက်သုံးရေ လှူဒါန်း

**တံတားဦး ဧပြီ ၂၂**

မန္တလေးတိုင်း ဒေသကြီး တံတားဦးခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့ ဦးဆောင်ပြီး တံတားဦးမြို့နယ် ဇီးချောင်းကျေးရွာ၌ ရေရှားပါး နေသောကြောင့် သောက်သုံးရေများကို ယနေ့နံနက် ၉နာရီက အဆိုပါကျေးရွာအရောက် သွားရောက်ပေးဝေလှူဒါန်းသည်။



သောက်သုံးရေ ပေးဝေလှူဒါန်းရာသို့ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ တံတားဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဇီးချောင်းကျေးရွာတွင် အိမ်ခြေ ၂၈၉ အိမ်၊ အိမ်ထောင်စု ၃၁၀ စုရှိပြီး ကျေးရွာသူ ကျေးရွာသားများ သောက်သုံးရေအတွက် ရေဂါလန် ၁၆၀၀ ဆံ့ ကားတစ်စီး၊ ရေဂါလန် ၁၅၀၀ ဆံ့ ကားသုံးစီး၊ ရေသန့်ဘူးကြီး ၅၀ တို့ကို သောက်သုံးရေ အသုံးပြုနိုင်ရေးအတွက် လှူဒါန်းပေးခြင်း ဖြစ်ကြောင်း၊ တံတားဦးမြို့နယ် အတွင်းရှိ ကျေးရွာများအတွက် ရေလှူဒါန်းလိုပါက တံတားဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံးသို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အလှူရှင်များကိုယ်တိုင်လည်း သွားရောက် လှူဒါန်းနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဟောပြော

**အုတ်တွင်း ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ရပ်ကွက်နေ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား နွေရာသီကျောင်းပိတ်ရက်အတွင်း စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ဉာဏ်ရည်ဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် အပူဒဏ်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် အသိပညာပေး လုပ်ငန်းများကို ယနေ့နံနက် ၁၀ နာရီခွဲက ပဲခူးလမ်း ရပ်ကွက်၌ ဆောင်ရွက်သည်။

**အသိပညာပေးဟောပြော**

ဦးစွာ ပြန်ကြားနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာရမည့် အချက်များ၊ အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ၊ သတိပြုရမည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ သတိလစ်ခြင်း လက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်းများ အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။



**ခင်ခင်မာ(ပြန်/ဆက်)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်းအားမမျှ မသုံးရ**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အလုပ်သမားဆေးရုံကြီး(ရန်ကုန်)တွင် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုလုပ်ငန်းစဉ်များ ကြည့်ရှုအားပေး



ရန်ကုန် မေ ၂၂

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး(ရန်ကုန်)သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေသော အာမခံအလုပ်သမားများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဆေးရုံအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရသည့် ဝန်ထမ်းများဖြစ်၍ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသည့်အလုပ်ဖြစ်သဖြင့် စေတနာထားဆောင်ရွက်ပေးစေလိုကြောင်း၊ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတက ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ထိရောက်သည့်မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရေး၊ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖြစ်စေရေး အလေးထားဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်ဖြစ်သော ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများကို အခြေခံအဆင့်မှစ၍ မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့၏ဝန်ထမ်းများအပါအဝင် ဝန်ထမ်းမိသားစုများ၏ ပညာရေးကို အဆင့်မြှင့်တင်နိုင်ရေး ဝန်ထမ်းများအနေဖြင့်ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ကျန်းမာရေးနှင့်စပ်လျဉ်း၍လည်း အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပညာရှင်များဖြစ်သည့်အတွက် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန်နှင့် မိမိလုပ်ငန်းများအောင်မြင်စေရန်အတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသဝန်ဆောင်မှုကို ပေးအပ်နိုင်ရန် လိုအပ်ကြောင်းမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားဆေးရုံကြီးအတွင်း ပြင်ပလူနာဌာနနှင့်ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အာမခံအလုပ်သမားလူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးပြီး လှူဒါန်းငွေများပေးအပ်ကာ အလုပ်သမားဆေးရုံကြီး(ရန်ကုန်)တွင် အာမခံအလုပ်သမားလူနာများကို ကျောက်ကပ်သန့်စင်ခြင်း လုပ်ငန်းများဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုများကို အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၊ အလုပ်သမားဆေးရုံ(ထန်းတပင်)၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၂ ခန်း၊ တိုင်းရင်းဆေးကုခန်း တစ်ခန်း၊ ဌာနကြီးဆေးခန်း ၂၀ ခန်း၊ စာချုပ်ဆေးခန်း ၅၃ ခန်း၊ မီးဖွားခြင်းဝန်ဆောင်မှု ဆောင်ရွက်သည့် စာချုပ်ဆေးရုံ၊ သားဖွားခန်းငါးခန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် ဧပြီလမှ ၂၀၁၆ ခုနှစ် မတ်လအထိ လူနာဦးရေ ၁၁၄၆၆၈၅ ဦးကို ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးဖိုးပြန်အမ်းအမှုတွဲ ၇၇၈၀၇ မှုအတွက် ငွေကျပ် ၇၉၇၄ ဒသမ ၃၉၆ သန်းကို ပြန်လည်ပေးအမ်းနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မွန်ပြည်နယ်ဝန်ကြီးချုပ် သူနာပြုသင်တန်းကျောင်း (မော်လမြိုင်)နှင့် သားဖွားသင်တန်းကျောင်း(မော်လမြိုင်)တို့မှ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ



မော်လမြိုင် မေ ၂၂

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် သူနာပြု သင်တန်းကျောင်း (မော်လမြိုင်)နှင့် သားဖွားသင်တန်းကျောင်း (မော်လမြိုင်)တို့မှ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က သူနာပြုသားဖွား ဆရာ ဆရာမများသည် အနစ်နာခံခြင်း၊ သည်းခံခြင်း၊ စေတနာထားခြင်း၊ ကြင်နာသနားခြင်း၊ ကရုဏာထားခြင်းဆိုသည့် အရည်အသွေးများ ပိုင်ဆိုင်ထားပြီး လူမျိုးဘာသာ၊ အသားအရောင်၊ အဆင့်အတန်း မခွဲခြားဘဲ ပြုစုမှုပေးရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်ဖြစ်သည့် ပြည်သူအားလုံးသက်တမ်းစေ့အသက်ရှည်စွာ နေထိုင်ရေးနှင့် ရောဂါဘယများ ကင်းရှင်းစေရေးအတွက် မိမိတို့သင်ယူတတ်မြောက်ထားသည့် ပညာစွမ်းအား၊ ကာကွယ်စောင့်ရှောက်ပေးရမည့် လူနာများအပေါ် စိတ်စေတနာ အပြည့်ဖြင့် တာဝန်ယူပြုစုပေးနိုင်မည့် သူနာပြုသားဖွားကောင်းများ ဖြစ်စေရန် ရည်မှန်းချက်ထားရှိသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူ အိပ်ဆောင်၊ လက်တွေ့ခန်း၊ သူနာပြုသင်တန်းကျောင်းရှိ သင်ကြားရေးသရုပ်ပြပစ္စည်းများပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)၌ ပင်စင်လာရောက် ထုတ်ယူကြသော နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များကို ကိုယ်ရေးအချက်အလက်၊ ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်းနှင့် Smart Card များ ဆောင်ရွက်ပေးနေမှုနှင့် အငြိမ်းစား ဝန်ထမ်းများကို အခြေခံ စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့နယ်ရှိ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ စာသင်ဝိုင်း၌ စာတတ်မြောက်ရေး သင်ကြား၊ သင်ယူနေမှုတို့ကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ စာသင်ဝိုင်းများအတွက် စားသောက်ဖွယ်ရာများနှင့် စာရေးကိရိယာများ ပေးအပ်သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူပြီး စာသင်ဝိုင်းများတွင် ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး သင်ကြား၊ သင်ယူနေမှုတို့ကို ကြည့်ရှုအားပေး၍ စားသောက်ဖွယ်ရာများနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# မြောင်းမြခရိုင်အတွင်းရှိကျေးရွာများသို့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ စစ်တမ်းကောက်ယူခြင်းနှင့် ကွင်းဆင်းကုသပညာပေးခြင်းများ ဆောင်ရွက်

မြောင်းမြ မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား သွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ တွဲဖက်ပါမောက္ခ ဒေါက်တာသိန်းထွန်းဦး ဦးဆောင်သော ဆေးတက္ကသိုလ်ဆရာ ဆရာမများ၊ အလုပ်သင်ဆရာဝန်များ၊ ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၈၀ ပါဝင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းမှစ၍ မြောင်းမြမြို့ ပြင်ရွာကျေးရွာနှင့် ကွမ်းခြံကြီးကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား သွားနှင့် ခံတွင်းကျန်းမာရေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ စစ်တမ်းကောက်ယူခြင်း၊ ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

**အားပေးစကားပြောကြား**

ထိုသို့ ဒေသခံပြည်သူများ၏ ဆေးဝါးကုသခံယူနေမှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန္ဒာအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ မြောင်းမြမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ကွမ်းခြံကုန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းခြင်း ကြည့်ရှုအားပေး တောင်သူများသို့ မိုးစပါးအတွက် မျိုးစပါး၊ မျိုးစေ့ချကိရိယာ၊ ကော်ဖီပျိုးပင်များ ပေးအပ်

ရန်ကုန် မေ ၂၂

၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းခြင်း၊ တောင်သူများသို့ မိုးစပါးအတွက် မျိုးစပါး၊ မျိုးစေ့ချကိရိယာ၊ ကော်ဖီပျိုးပင်များ ပေးအပ်ခြင်းနှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာ တောင်သူဦးဝင်းကြည်၏ လယ်မြေ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တွံတေးခရိုင်အတွင်းရှိ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက တွံတေးခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးအတွင်း မျိုးစေ့ချကိရိယာများ ဖြန့်ဝေအသုံးပြုမှုနှင့် ဆိုလာများ ဖြန့်ဝေအသုံးပြုမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တောင်သူများအား မိုးစပါးအတွက် မျိုးစပါး၊ မျိုးစေ့ချကိရိယာ၊ ကော်ဖီပျိုးပင်များ၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)နှင့် နှစ်ချပ်တွဲ ဆိုလာများကို ပေးအပ်ကြပြီး ပြသထားသည့် စပါးမျိုးစေ့နမူနာများ၊ ဓာတ်မြေဩဇာများ၊ အနိမ့်တင်ဆိုလာရေတင်စက်များ၊ နွေစပါးစံကွက်အား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှု၊ မျိုးစေ့ချကိရိယာများ၊ ကော်ဖီပျိုးပင်များနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ စသည်တို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယနေ့ နွေစပါးစံကွက်ရိတ်သိမ်းပွဲတွင် တောင်သူဦးဝင်းကြည်၏ လယ်မြေကို စိစစ်ရိတ်သိမ်းရာ တစ်ဧကလျှင် အောင်နိုင်တိုးစပါး မျိုးစပါး အခြောက် ၁၃၆ ဒသမ ၆၉ တင်း ထွက်ရှိကြောင်း သိရသည်။

ယင်းနောက် ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာ တောင်သူ ဒေါ်တင့်နှင့် ဒေါ်ဥမ္မာနီတို့၏ လယ်မြေတွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာမူလတန်း ဆရာ ဆရာမများအား အင်္ဂလိပ်စာ အရည်အသွေး တိုးတက်မှုမြှင့်တင်ရေး (Main Course) သင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပြများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀)၏ ရည်မှန်းချက်ပန်းတိုင်များနှင့် မဟာဗျူဟာမြောက်အပြောင်းအလဲများကို အောင်မြင်မှုရရှိစေရန်၊ မူလတန်းပြ ဆရာ ဆရာမများအား အင်္ဂလိပ်စာဖတ်ခြင်း၊ ရေးခြင်း၊ ပြောခြင်း၊ နားထောင်ခြင်း စွမ်းရည်လေးမျိုး ကျွမ်းကျင်သူများဖြစ်စေရန်၊ ပညာကို အခြေခံသည့် အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုများကိုအသုံးချကာ ဆရာ ဆရာမများ၏ စုပေါင်းစွမ်းပကားဖြင့် နိုင်ငံတော်ကအားထားရသည့် လူ့စွမ်းအားအရင်းအမြစ်၊ လူတော်လူကောင်းများ မွေးထုတ်ပေးကြရန်နှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က လက်ခံရယူပြီး သင်တန်းနှင့်ပတ်သက်သည့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ သင်တန်းသင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ အဆိုပါသင်တန်းကို နည်းပြများက ဆရာ ဆရာမ ၇၀၀ အား မေ ၂၀ ရက်မှ မေ ၂၂ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ အဝင်/ အထွက်လမ်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($N_{02}$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆)မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သောလေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန



# ကျုံပျော်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ကျုံပျော် မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်း ထုတ်ပေးခြင်းလုပ်ငန်းကို သောင်ကြီးကျေးရွာအုပ်စု၌ ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မျိုး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်လဝကဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် မြို့နယ်လဝကဦးစီးမှူးဦးသန်းစိုးအောင်တို့ကသွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID စာရွက်များအား One Stop Service ဖြင့် ပြည်သူများလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးခရိုင်အတွင်း စားရေရိက္ခာဖူလုံစေရေး ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေး

ပဲခူး မေ ၂၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးခရိုင်အတွင်း စားရေရိက္ခာဖူလုံစေရေး ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ်ရှိ မြေပဲစိုက်တောင်သူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုထောက်ပံ့ပေးပြီး ဆောင်းမြေပဲထွက်ရှိချိန်တွင် ပေါက်ဈေးအတိုင်း ပြန်လည်ဝယ်ယူနေမှုကို သွားရောက်ကြည့်ရှုကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သဘာဝရွက်ဖျန်းမြေဩဇာဖျန်းပက်ခြင်းနှင့် သစ်စိမ်းမြေဩဇာအသုံးပြု၍ မြေယာပြုပြင်ခြင်းဆောင်ရွက်မှသာ တစ်ဧကပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိပြီး တောင်သူများအကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး၊ တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးမှူးတို့က စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး တန် ၁၀၀ ဆန်စက် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုသည်။



သနပ်ပင်မြို့နယ်အတွင်း ဆောင်းမြေပဲစိုက်ဧက ၉၆၅၂ ဧကရှိပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ မြေပဲတစ်ဧကလျှင် ငွေကျပ်လေးသိန်းနှင့်ညီမျှသော သွင်းအားစုများ ပံ့ပိုးပေးနိုင်ခဲ့သည့်အတွက် တစ်ဧကလျှင် ပျမ်းမျှ ၇၇ ဒသမ ၅၅ တင်းထွက်ရှိ၍ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိခဲ့သည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သနပ်ပင်မြို့ ဘူတာပိုင်းရပ်ကွက် ဦးသိန်းလွင်၏ ဥစားဘဲကောင်ရေ ၇၀၀၀ မွေးမြူထားရှိမှုနှင့် ကမာစဲကျေးရွာရှိ ဦးဝင်းထိုက်မောင်၏ ရေချိုငါးမွေးမြူရေးကို သွားရောက်ကြည့်ရှုအားပေးပြီး မွေးမြူရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့မွေးမြူဆောင်ရွက်မှသာ ဒေသတွင်းစားရေရိက္ခာဖူလုံစေမည်ဖြစ်ပြီး မွေးမြူသူနှင့် စားသုံးသူကြား၌ လက်လီအဆင့်ဆင့်မရှိစေဘဲ တိုက်ရိုက်ရောင်းချနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရစ်ကန်လေး-ကမာစဲ ကျေးရွာချင်းဆက်လမ်း အရှည်သုံးမိုင် ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ကျေးရွာချင်းဆက်လမ်းများ၏ ဘေးဝဲယာတွင် အရိပ်ရပြီး စားသုံး၍ရသော သစ်ပင်များစိုက်ပျိုးရန်၊ လမ်းပခုံးသားများ အမာခံရရှိရေး ဆောင်ရွက်ပေးရန်နှင့် ကြာရှည်စွာ လမ်းအသုံးပြုနိုင်ရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် ထောင်မင်းကျေးရွာအုပ်စုရှိ ယခင်က တစ်နှစ်တစ်သီးသာ စိုက်ပျိုးနိုင်သည့် ရေကြီးရေနက်ကွင်းများကို ရေတော်မိုးတော် လယ်မြေအဖြစ် တစ်နှစ်အနည်းဆုံးနှစ်သီး စိုက်ပျိုးနိုင်ရေး ဆားကျင်းကြီးရိုးတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စပါးသီးနှံပြီးပါက နွေနှမ်းသီးနှံကို စမ်းသပ်စိုက်ပျိုးသရုပ်ပြသပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် ဦးထွန်းလတ်က ဥစားဘဲကောင်ရေ ၂၅၀၀ အား လယ်ကွင်းအစာဖြင့် သဘာဝအတိုင်း မွေးမြူထားရှိမှု၊ ပဲခူးမြို့နယ် ကမာနတ်ကျေးရွာရှိ ဒေါ်ရီရီသင်း၏ ဥစားဘဲကောင်ရေ ၃၅၀၀ မွေးမြူထားရှိမှုနှင့် ပဲခူးမြို့ ဟံသာဝတီရှေးဟောင်းမြို့ရိုးအင်းဝတံခါးအနီး အပန်းဖြေဥယျာဉ်တည်ဆောက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဇနုဖြူမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကျေးရွာများ ရွေးချယ်

ဇနုဖြူ မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဇနုဖြူမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကျေးရွာများ ရွေးချယ်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဋ္ဌေးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ မန်းရဲသူရိန်ဟန်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်က ဦးစီးဌာနမှ ဆောင်ရွက်ပြီး စီမံကိန်းကျေးရွာများအား ရှင်းလင်းတင်ပြပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ကျေးရွာများကို တာဝန်ရှိသူများက ရွေးချယ်ပေးခဲ့ကြကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ကော့ကရိတ်မြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ကော့ကရိတ် မေ ၂၂

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ပြည်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြို့နေပြည်သူများ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးမှုမရှိစေရေးအတွက် မီးလောင်ပျက်စီးပျောက်ဆုံးသွားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူ့အကျိုးပြု ရက်(၁၀၀)စီမံချက်ဖြင့် ကော့ကရိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မေ ၂၁ ရက်နံနက်ပိုင်းတွင် အမှတ် (၅) ရပ်ကွက် အောက်တောင်သူစု ဓမ္မာရုံ၌ ပြုလုပ် ဆောင်ရွက်ပေးလျက်ရှိသည်။



နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ကော့ကရိတ်ခရိုင်/မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အိမ်ထောင်စုဇယားပုံစံ(၁၀) ထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ် ပြုလုပ်ပေးခြင်း၊ အဟောင်းလဲလှယ်ပေးခြင်း၊ UID ရိုက်ပေးခြင်း လုပ်ငန်းများကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး အဆိုပါဆောင်ရွက်နေမှုကို ကော့ကရိတ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နီနီအောင်က လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ဟောပြော



ပေါင် မေ ၂၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမက(ကန်ဖြူ)၌ ပြုလုပ်သည်။

ဦးစွာ သထုံမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုး/မြူငွေ့လျှော့ချရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသံစဉ်မှူးက Fire Hotspot ဖြစ်ပွားမှုလျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးတို့ကို ဆွေးနွေးဟောပြောသည်။

ထို့နောက် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာပညာပေး video clip ကို ပြသရာ တက်ရောက်လာသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

**○ ချယ်လ်ဆီးမှ**

ဘရိုက်တန်အသင်းဟာ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် (၃၄) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၅၀ အထိ စုဆောင်းနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် (၆) နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး လာမယ့်ရာသီ ဥရောပဝင်ခွင့် တစ်နေရာရရှိဖို့ နီးစပ်လာခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဘရိုက်တန်အသင်းဟာ ချယ်လ်ဆီးအသင်းနဲ့ ပြိုင်ပွဲစုံ နောက်ဆုံးငါးပွဲမှာ လေးပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီး အသင်းကတော့ ဘရိုက်တန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် (၃၄) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၈ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၇) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ချယ်လ်ဆီး အသင်းအနေနဲ့ ဘရိုက်တန်အသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ ၁၉၁၂ ခုနှစ်နောက်ပိုင်း ရဂိုးမရှိ ပရီမီယာလိဂ်ငါးပွဲဆက်ရှုံးပွဲနဲ့ ပထမဆုံးအကြိမ် ဆုံတွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

■

# ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က အမေရိကန်နှင့် အီရန် အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးမှုကို ကြိုဆို



အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးမှုသည် နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးပြီးနောက် ရလဒ်တစ်ခုထွက်ပေါ်လာသည့်အချိန်အထိ သက်ရောက်မှုရှိနိုင်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သုံးသပ်ပြောကြားသည်။

ကုလသမဂ္ဂ မေ ၂၂

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က အမေရိကန်နှင့် အီရန် အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးမှုကို ကြိုဆိုကြောင်း ယနေ့ ပြောကြားခဲ့သည်။

အမေရိကန်နှင့် အီရန်တို့အကြား သံတမန်လမ်းကြောင်းမှတစ်ဆင့် ယုံကြည်မှုတည်ဆောက်ရေးအတွက် ယခုအပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးမှုသည် အရေးကြီးသည့် ခြေလှမ်းတစ်ခုဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးကို ထိခိုက်စေနိုင်သည့် လုပ်ရပ်များကို ရှောင်ကြဉ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဆုံးဖြတ်ချက်တစ်ရပ်ရရှိစေရေး ကြိုးပမ်းရန်လိုအပ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ စတီဖန်ဒူဂျာရစ်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အမေရိကန်နှင့် အီရန်တို့အကြား နောက်ထပ် ဆွေးနွေးပွဲများ အဆင်ပြေချောမွေ့စေရန် ပါကစ္စတန်၏ ကြိုးပမ်းမှုများကို အန်တိုနီယို ဂူတာရက်စ်က အပြည့်အဝထောက်ခံပြီး အဆိုပါ ကြိုးပမ်းမှုများသည် ပဋိပက္ခ၏ ကျယ်ကျယ်ပြန့်ပြန့်နှင့် တာရှည်ခံသော ဖြေရှင်းမှုတစ်ရပ်အတွက် အထောက်အကူဖြစ်စေမည့် အခြေအနေများကို ဖန်တီးပေးမည်ဟု မျှော်လင့်ပါကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နှင့် ၎င်း၏ အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးရန် ပါကစ္စတန်၏ တောင်းဆိုမှုကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မကုန်ဆုံးမီ နာရီပိုင်းအလိုတွင် သဘောတူညီခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**



# တရုတ်နိုင်ငံ အာကာသယာဉ်မှူးများ လေ့ကျင့်ရေးအတွက် ပထမဆုံး နိုင်ငံခြားသား အာကာသယာဉ်မှူးအဖြစ် ပါကစ္စတန်နိုင်ငံသား နှစ်ဦးကို ရွေးချယ်

ပေကျင်း မေ ၂၂

တရုတ်နိုင်ငံ အာကာသယာဉ်မှူးများ လေ့ကျင့်ရေးအတွက် ပထမဆုံး နိုင်ငံခြားသား အာကာသယာဉ်မှူးအဖြစ် ပါကစ္စတန်နိုင်ငံသား နှစ်ဦးကို ရွေးချယ်ခဲ့ကြောင်း တရုတ်အာကာသအေဂျင်စီက ယနေ့ ပြောကြားခဲ့သည်။

အဆိုပါဆောင်ရွက်ချက်သည် တရုတ် အာကာသစခန်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတွင် အထင်ကရအောင်မြင်မှုဖြစ်ကြောင်း တရုတ်အာကာသအေဂျင်စီက ပြောကြားခဲ့သည်။

မိုဟာမက်ဇီရှန်အလီနှင့်ကူရမ်ဒက်တို့က အာကာသယာဉ်မှူးများ လေ့ကျင့်ရေးသင်တန်းအတွက် တရုတ်နိုင်ငံသို့ မကြာမီ လာရောက်မည်ဖြစ်ကြောင်း အဆိုပါအေဂျင်စီက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၎င်းတို့၏ လေ့ကျင့်မှုအပေါ် အကဲဖြတ်ပြီးနောက် ၎င်းတို့အနက် တစ်ဦးသည် Tiangong အာကာသစခန်းတွင် ပထမဆုံးနိုင်ငံခြားသား အာကာသယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ လူလိုက်ပါသည့် အာကာသအစီအစဉ်အတွက် ပထမဆုံးသော နိုင်ငံခြားသား အာကာသယာဉ်မှူးများ ရွေးချယ်မှုကို ဧပြီလအစောပိုင်းတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်အာကာသအေဂျင်စီက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ စားရေရိက္ခာဖြန့်ဖြူးမှုစနစ်ထိခိုက်

ရောမ မေ ၂၂

ကမ္ဘာပေါ်တွင် အပူချိန်မြင့်တက်လာခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ စားရေရိက္ခာဖြန့်ဖြူးမှုစနစ် ထိခိုက်ကာ ကမ္ဘာ့လူဦးရေ တစ်ဘီလီယံကျော်၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ထိခိုက်ခဲ့ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့တို့က မေ ၂၂ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

အပူချိန်မြင့်တက်ခြင်းနှင့် စိုက်ပျိုးရေးအမည်ရှိ မှတ်တမ်းတစ်ခုကို ထုတ်ပြန်ခဲ့ရာတွင် လက်ရှိကမ္ဘာပေါ်တွင် ရာစုနှစ် တစ်ဝက်ကျော်မျှ ဖြစ်ခဲ့သည့် အပူချိန်မြင့်တက်မှုကြောင့် စိုက်ပျိုးရေးစနစ်များနှင့် မြေယာ ရှုခင်းများအပေါ် အကျိုးသက်ရောက်မှုများ ရှိခဲ့ကြောင်း ဖော်ပြထားသည်။ အပူချိန် ၃၀ဒီဂရီဆဲစီးယက်စ်အထက် ကျော်လွန်ရောက်ရှိသည့်အချိန်တွင် စိုက်ပျိုးသီးနှံများ စတင်ပျက်စီးပြီး မွေးမြူရေးတိရစ္ဆာန်များမှာ အပူချိန် ၂၅ဒီဂရီဆဲစီးယက်စ်ထက် ကျော်လွန်ပါက ထိခိုက်မှုများရှိကြောင်း သိရသည်။ ကမ္ဘာ့သမုဒ္ဒရာများ၏ ဇ၁ရာခိုင်နှုန်းသည် ၂၀၂၄ခုနှစ်က အပူလှိုင်းဖြတ်သန်းမှုခံခဲ့ရသည်။ တောင်အာရှနှင့် အာဖရိကဒေသများတွင် တစ်နှစ်လျှင် ရက်ပေါင်း ၂၅၀သည် အလွန်ပူပြင်းသည့် နေ့ရက်များဖြစ်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သူများအတွက် အခက်အခဲများရှိခဲ့သည်။ ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်းကြောင့် မိုးခေါင်ရေရှားမှုများ၊ ရောဂါကူးစက်ပျံ့နှံ့မှုများနှင့် တောမီးလောင်ကျွမ်းမှုများ ဖြစ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်းသည် သီးနှံစိုက်ပျိုးရေး၊ ငါးမွေးမြူရေးနှင့် သစ်တောများအပေါ်တွင် အကျိုးသက်ရောက်မှုများ ရှိလာသဖြင့် သင့်တော်သည့် နည်းလမ်းများဖြင့် စောင့်ရှောက်ကာကွယ်ရမည်ဖြစ်ကြောင်း ၎င်းမှတ်တမ်းက ဆိုသည်။

ကမ္ဘာ့အပူချိန် မြင့်တက်မှုကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ကာ စိုက်ပျိုးထုတ်လုပ်ရေးစနစ်များအပေါ်တွင်အကျိုးသက်ရောက်မှုများရှိလာကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ အတွင်းရေးမှူးချုပ် ဆီလက်စတီဆော်လိုက ပြောကြားသည်။ ကမ္ဘာ့အပူချိန် မြင့်တက်လာမှုအပေါ် လက်တွေ့ကျသည့် နည်းစနစ်များဖြင့် ဖြေရှင်းဆောင်ရွက်ပြီး စားရေရိက္ခာဖူလုံရေးနှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးအတွက် ကမ္ဘာ့နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းမှတ်တမ်းအရ သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ ကုန်သွယ်မှုဗဟိုဌာနတစ်ခု စတင်တည်ဆောက်လျက်ရှိ

ကဘူး မေ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ၏စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်အတွက် မြောက်ပိုင်း တက်ခ်ဟာပြည်နယ်ရှိ စီးပွားရေးအချက်အချာကျသောနေရာ၌ ကုန်သွယ်မှုဗဟိုဌာနကို စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကုန်သွယ်မှုဗဟိုဌာန တည်ဆောက်ရေးစီမံကိန်းကို မေ ၂၂ ရက်တွင် စတင်ပြီး အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၈ သန်းခန့် ရင်းနှီးမြှုပ်နှံ ကုန်ကျခံမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းသည် ဒေသတွင်း စီးပွားရေးအခွင့်အလမ်းသစ်များနှင့် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ ဒေသခံများအတွက် စီးပွားရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်စေရန်နှင့် ဒေသတွင်း စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများကို မြှင့်တင်ရန် ရည်မှန်းထားသည်။

အဆိုပါ ကုန်သွယ်မှုဗဟိုဌာနစီမံကိန်းတွင် အသေးစားလုပ်ငန်းများ ထားရှိရန် ဒီဇိုင်းထုတ်ထားသည့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများစွာ ပါဝင်မည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံက လ၏ မျက်နှာပြင်ပေါ်တွင် ဖန်လုံအိမ်တည်ဆောက်ရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်

ပေကျင်း မေ ၂၂

တရုတ်နိုင်ငံ မှ အင်ဂျင်နီယာများသည် လ၏မျက်နှာပြင်ပေါ်တွင် ဖန်လုံအိမ်တည်ဆောက်ရန် လိုအပ်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း တရုတ်အမျိုးသား အာကာသလုပ်ငန်းဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့မှ အကြီးတန်း အာကာသဆိုင်ရာ အင်ဂျင်နီယာ ဝမ်ကီအမ်က တရုတ်နိုင်ငံ ပေကျင်းမြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မေ ၂၁ ရက်က ပြောကြားသည်။



လကမ္ဘာ မျက်နှာပြင်ဆိုင်ရာ တည်ဆောက်ရေးနည်းပညာများအရ လကမ္ဘာပေါ်တွင် ရာသီဥတုပြင်းထန်သည့် ညအချိန်များတွင် စက်ရုပ်လက်တံများနှင့် စက်ရုပ်များ လွယ်ကူစွာသွားလာလှုပ်ရှားလုပ်ငန်း ဆောင်ရွက်နိုင်မည့် ဖန်လုံအိမ် တည်ဆောက်ရန် သုတေသန လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ Chang’e-6 လစူးစမ်းရေးယာဉ်မှ ရရှိသည့် နမူနာအစိတ်အပိုင်းများကိုလေ့လာခြင်းဖြင့် တရုတ်သိပ္ပံပညာရှင်များသည် အာကာသဆိုင်ရာ သုတေသန လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

Chang’e-6 အာကာသယာဉ်သည် ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်တွင် တရုတ်နိုင်ငံမြောက်ပိုင်းသို့ ဆင်းသက်ခဲ့ပြီး လ၏ အဝေးဆုံးဘက်ခြမ်းမှ နမူနာ ၁၉၃၅ ဒသမ ၃ ဂရမ်ကို ယူဆောင်လာခဲ့သည်။ ၎င်းဖြစ်ရပ်သည် လူသားသမိုင်းတွင်ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

တောင်ကြီး ဧပြီ ၂၂

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ယနေ့ညနေပိုင်းတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်၍ အမျိုးသားပွဲစဉ်အဖြစ် တောင်ကြီးခရိုင်အသင်းနှင့် ကလေးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားခုနစ်သင်း၊ အမျိုးသမီးကိုးသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဧပြီ ၂၂ ရက်မှ ၂၆ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယမန်နေ့ညနေပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ အမှတ်(၂)မူကြိုကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် တောင်ကြီးမြို့ လေးမိုင်ကွေ့ မြို့ရှောင်လမ်းပေါ်ရှိ ယာဉ်ရပ်နားစခန်းဆောင်ရွက်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ကြီးမြို့နယ် လေးမိုင်ကွေ့-နောင်တလီ-ညိုမီး-နောင်ပနားဗွာ-ထီရီး- (မွေးမြူရေးဇုန်)မြို့ရှောင်လမ်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ရေရှည်ခိုင်ခံ့အောင် ဆောင်ရွက်ပေးရန်နှင့် လမ်းအကွေ့တက်နေရာများတွင် ပြေပြစ်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# မြစ်ကြီးနားတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၉ ဦး တရုတ်နိုင်ငံ GXETVI တွင် ပညာသင်ဆုဖြင့် တက်ရောက်ရန် ထွက်ခွာ



မြစ်ကြီးနား ဧပြီ ၂၂

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ကြီးကြပ်မှုဖြင့် မြစ်ကြီးနားတက္ကသိုလ်က နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ မြစ်ကြီးနားတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၉ ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Guangxi Economic and Trade Vocational Institute (GXETVI) ၌ "Fashion and Apparel Design" ဘာသာရပ်ဖြင့် သုံးနှစ်တာ ဒီပလိုမာသင်တန်း (Diploma in Fashion and Apparel Design) ကို ပညာသင်ဆု (Full Scholarship) ဖြင့် တက်ရောက်ရန်အတွက် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ယခုကဲ့သို့ သွားရောက်ပညာသင်ကြားခြင်းဖြင့် ပြည်တွင်းရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs) အတွက် အဓိကကျသော အထည်အလိပ်နှင့် ဒီဇိုင်းကဏ္ဍ၌ ခေတ်မီနည်းပညာရှင်များ ပေါ်ထွက်လာစေရန်နှင့် ကုန်ကြမ်းတင်ပို့မှုထက် နိုင်ငံတကာအဆင့်မီ တန်ဖိုးမြှင့်ကုန်ချောများကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲ ထုတ်လုပ်နိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များ ပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံ၏ ခေတ်မီနည်းပညာများကို သင်ယူခွင့်ရရှိခြင်းကြောင့် ပြည်တွင်းရှိ သက်မွေးပညာကဏ္ဍ (TVET) ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် နည်းပညာကူးပြောင်းမှုများ ရရှိစေရန်လည်း မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါကျောင်းသားကျောင်းသူများသည် ဧပြီ ၂၇ ရက်မှစတင်၍ သင်တန်းများကို တက်ရောက်ကြမည်ဖြစ်ပြီး ယခုပူးပေါင်းဆောင်ရွက်မှုသည် မြစ်ကြီးနားတက္ကသိုလ်၏ နိုင်ငံတကာ ပညာရေးကဏ္ဍ မြှင့်တင်မှုအတွက် ကြီးမားသော ခြေလှမ်းတစ်ရပ်ဖြစ်ကာ ဤကဲ့သို့ နိုင်ငံတော်အတွက် ဘဏ္ဍာငွေကုန်ကျမှုမရှိဘဲ ပြည့်စုံသော ပညာသင်ဆုအစီအစဉ်ဖြင့် အရည်အသွေးမြင့် ပညာရပ်များကို သင်ယူခွင့်ရရှိခြင်းသည် နိုင်ငံတော်နှင့် တက္ကသိုလ်အတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ကောင်းကောင်း(မြိတ်)**



# မင်းလှမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး စစ်ဆေး

မင်းလှ ဧပြီ ၂၂

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်များကို ယနေ့မွန်းလွဲပိုင်းက စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စိုးလင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်များဆီဖြည့်နေစဉ် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်၊ စက်သုံးဆီသိုလှောင်ထားရှိမှုများသည် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ၊ မတော်တဆမီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးများ အသုံးပြုတတ်စေရေး၊ စက်သုံးဆီအရောင်းဆိုင်များတွင် ပြည်သူများ သိရှိလိုက်နာစေရေးအတွက် မီးဘေးလုံခြုံရေး သတိပေးဆိုင်းဘုတ်များ ထားရှိစေရေးတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုခန့်**

# ရတနာပုံတက္ကသိုလ်၌ မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း ဖွင့်လှစ်

မန္တလေး ဧပြီ ၂၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်က ကြီးမှူး၍ အင်္ဂလိပ်စာဌာနက ဦးစီးပြီး အမရပူရခရိုင်နှင့် မဟာအောင်မြေခရိုင်တို့မှ မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့် သင်တန်း (Main Course)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ(၂)၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ ဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ အင်္ဂလိပ်စာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာအိအိစိုးမင်းနှင့် သင်တန်းပို့ချပေးမည့် ဆရာ ဆရာမများ၊ အမရပူရခရိုင်နှင့် မဟာအောင်မြေခရိုင်မှ ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသားဆရာ ဆရာမများ တက်ရောက်ကြသည်။



ဦးစွာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် အင်္ဂလိပ်စာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာအိအိစိုးမင်းက သင်တန်းပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းသို့ အမရပူရခရိုင်မှ သင်တန်းသားဆရာ ဆရာမ ၅၀ နှင့် မဟာအောင်မြေခရိုင်မှ သင်တန်းသား ဆရာ ဆရာမ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၂ ရက်အထိဖြစ်ပြီး Module 1: Developing Communicative Skills, Module 2: Communicative Grammar, Module 3: Familiarising Teachers with Materials, Module 4: Classroom Language ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ရေနည်းမည့် သတိပေးချက် ထုတ်ပြန်

နေပြည်တော် ဧပြီ ၂၂

ရောဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၆၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်သို့ ရောက်ရှိနိုင်သည်။ **မိုး/ဇလ**

❂ PDF မှ

အခြားတစ်ဖက်တွင်လည်း CRPH နှင့် NUG တို့က ၎င်းတို့သည်သာ ပြည်သူရွေးကောက်တင်မြှောက်ထားသည့် တရားဝင်အစိုးရဟု ဆိုပြန်သည်။ ထိုသို့ဆိုလျှင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)ကို အသိအမှတ်ပြုနေခြင်းပင်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေမရှိတော့ဟုဆိုပါလျှင် ၎င်းတို့လည်းရှိတော့မည်မဟုတ်ပေ။ ၎င်းတို့တရားဝင် တည်ရှိနေသည်ဆိုပြန်လျှင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)က တည်ရှိဆဲဖြစ်သည်ကို အသိအမှတ်ပြုသကဲ့သို့ ဖြစ်နေသည်။ CRPH နှင့် NUG တို့သည် လမ်းပေါ်လျှောက်ရင်း လမ်းပျောက်နေသူများပင် ဖြစ်သည်။

၎င်းတို့သာ ရွေးကောက်ခံအစိုးရဆိုပြီး NUG ကို ဖွဲ့စည်းကြသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ သက်တမ်းကကုန်ပြီဖြစ်သည်။ ၎င်းတို့ သည် မည်သို့ပင် တရားဝင်သည်ပြောနေသော်လည်း အခြေခံဥပဒေဖျက်သည်ဆိုလျှင်လည်း ပျက်သည့်အဖွဲ့အစည်း၊ အခြေခံဥပဒေတည်ဆဲပါဆိုလျှင်လည်း သက်တမ်းကုန်သည့် အဖွဲ့အစည်းအဖြစ် ရုပ်လုံးသဏ္ဌာန်မှာ ပီပြင်လာခဲ့ပြီဖြစ်သည်။

ယခုဆိုလျှင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုကော်မတီက လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ထားပြီးဖြစ်သည်။ ထို့ကြောင့်ပင် PDF အမည်ခံအဖွဲ့အစည်းအသီးသီးတို့အနေဖြင့်လည်း လမ်းကြောင်းအမှန်ကို စဉ်းစားချိန်တန်ပြီဖြစ်သည်။ PDF အမည်ခံ အဖွဲ့အစည်းအသီးသီးတို့သည် နိုင်ငံတော်အစိုးရ၏ ကမ်းလှမ်းဖိတ်ခေါ်သည့်အတိုင်း ဥပဒေဘောင်အတွင်း အမြန်ဆုံးပြန်လည် ခိုလှုံဝင်ရောက်ရန် နှိုးဆော်တိုက်တွန်းထားကြောင်း သိရသည်။

သတင်းစဉ်

# သင်္ကြန်ကာလတွင် ပုဂံရွှေစည်းခုံစေတီတော်မြတ်သို့ ခရီးသွား ၆၀၀၀၀ ကျော်ဝင်ရောက်ခဲ့ရာ ယမန်နှစ်ထက် ခရီးသွား ပိုမိုစည်ကားခဲ့



ရန်ကုန် မေ ၂၂

မြန်မာ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တို့စုဝေးရာ ပုဂံယဉ်ကျေးမှုဒေသတွင် ပုဂံရွှေစည်းခုံ စေတီတော်မြတ်သို့ သင်္ကြန်ကာလ၌ ခရီးသွား ၆၀၀၀၀ ကျော် ဝင်ရောက်ခဲ့ရာ ယမန်နှစ်ကထက် ခရီးသွားပိုမိုစည်ကားခဲ့ကြောင်း ရွှေစည်းခုံစေတီတော်ဂေါပကအဖွဲ့မှ သိရသည်။

ပြီးခဲ့သည့် မြန်မာ့သင်္ကြန်ပွဲတော်ကာလ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ရွှေစည်းခုံစေတီတော်မြတ်သို့ ဘုရားဖူးခရီးသွား ၄၂၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ယခုနှစ်သင်္ကြန်ကာလ၌ ဘုရားဖူးခရီးသွား ၆၆၀၀၀ ကျော် ဝင်ရောက်ခဲ့ရာ ယမန်နှစ်ကထက် ခရီးသွားပိုမိုစည်ကားခဲ့ပြီး ပြည်ပခရီးသွားများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့မှ နိုင်ငံခြားသား ခရီးသွားများ လာရောက်လည်ပတ်ခဲ့သည်။

“ဒီနှစ် သင်္ကြန်လေးရက်မှာ ခရီးသွားမပြတ် စည်ကားခဲ့ပြီး အလှူအတန်းနဲ့ စတုဒိသာကျွေးမွေးမှုလည်း မပြတ်ခဲ့ပါဘူး။ အထူးသဖြင့် အခြားသောနေရာများထက် ခရီးသွားဝင်ရောက်ခဲ့တဲ့အပြင် ယမန်နှစ်ကထက် ခရီးသွား ပိုမိုဝင်ရောက်ခဲ့တာကြောင့် ဒေသခံတွေလည်း အရောင်းအဝယ် အဆင်ပြေခဲ့ကြပါတယ်။ သင်္ကြန်ကာလ ခရီးသွားစည်ကားမှုအပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်” ဟု ရွှေစည်းခုံစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။

မြန်မာ့ရိုးရာသင်္ကြန်ကာလတွင် ပုဂံယဉ်ကျေးမှုဒေသသို့ ယခင်နှစ်များကထက် ခရီးသွားဝင်ရောက်မှု လျော့ကျခဲ့သော်လည်း ပုဂံဒေသ၏ အထင်ကရဘုရား၊ စေတီများသို့ ခရီးသွားများ ဝင်ရောက်ခဲ့ကာ အထူးသဖြင့် ရွှေစည်းခုံစေတီတော်မြတ်သို့ ခရီးသွား မပြတ် ဝင်ရောက်ခဲ့ပြီး သင်္ကြန်ကာလအတွင်း အလှူအတန်းများနှင့် မြန်မာ့ရိုးရာ အစားအစာ စတုဒိသာများ ကျွေးမွေးမှုနှင့်အတူ နှစ်ဆန်းတစ်ရက်နေ့က ရွှေစည်းခုံ စေတီတော်ရင်ပြင်တော်၌ သံဃာတော်အရှင်သူမြတ် အပါး ၂၀၀၀ ကျော်အား နံနက်ပိုင်းတွင် ဆွမ်းဆန်စိမ်းလောင်းလှူမှုဖြင့် အလှူအတန်း မပြတ် ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။

သတင်း-ဥဿ

ဓာတ်ပုံ - ကိုလွင်

## (၁၆)ကြိမ်မြောက် ခမီအမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် မေ ၂၂

၂၀၂၆ ခုနှစ် မေ ၂၇ ရက်တွင် ကျရောက်မည့် (၁၆)ကြိမ်မြောက် ခမီအမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် ခမီအမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၂၆ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ မြို့ဦးစေတီ သာသနာ့ဗိမာန်တော်ကြီး (ရွှေပြည်သာမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရဲရင့်သိန်းထွန်း

## ချောင်းသာမြို့၌ (စတုတ္ထအကြိမ်မြောက်) နှစ်ဦးအထူးတရားပွဲ ကျင်းပ

ချောင်းသာ မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့၌ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ကွန်ရက်ဝင် ချောင်းသာမြို့အခြေစိုက် ဓမ္မပါလပရဟိတအသင်းက ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် နှစ်ဦးဓမ္မပူဇာသဘင်ပွဲကို ယမန်နေ့ည ၈ နာရီက အမှတ်(၃)ရပ်ကွက် မြို့မဘောလုံးကွင်းတွင် ကျင်းပသည်။

ချောင်းသာမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ဦးဓမ္မပူဇာသဘင်ပွဲ ပထမနေ့တွင် သီတဂူလမင်း အရှင်ပညာနန္ဒ မဟာဓမ္မဂယာဟိတရဲ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် (ဧရာဝတီ) ပြည်နယ်နှင့် တိုင်းဒေသကြီး ပရဟိတကွန်ရက် ဩဝါဒနာယကဆရာတော်က တရားရေအေး အမြိုက်ဆေးတို့ ဟောကြားခဲ့သည်။

အဆိုပါ ဓမ္မသဘင်ပွဲကို မေ ၂၁ ရက်မှ ၂၅ ရက်အထိ ငါးညတိုင်တိုင် ညစဉ် ၈နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး တရားနာပရိသတ်များအား ဓမ္မပါလ ပရဟိတအသင်းနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသော ပရဟိတအသင်းများနှင့် အသင်းသား အသင်းသူများက မော်တော်ယာဉ်များဖြင့် အိမ်တိုင်ရာရောက် အကြို/အပို့ ကုသိုလ်ပြုပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်း(ချောင်းသာ)



## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင်ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန

## ရေချွေတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
| --- | --- | --- |
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲ တက်ရောက်

ပွင့်ဖြူ မေ ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်တို့တွင် မေ ၁၉ ရက် ညနေ ၅ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သဖြင့် အဆိုပါမြို့နယ်များမှ လေဘေးသင့်ပြည်သူများ အဆင်ပြေစွာနေထိုင်နိုင်ရေးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို မေ ၂၀ ရက်က ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို တက်ရောက်၍ အမှာစကားပြောသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများက မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်း မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက် တစ်ရပ်ကွက်နှင့် ကျေးရွာခြောက်ရွာမှ လုံးဝပျက်စီးသွားသော လူနေအိမ် ၄၈ လုံး၊ တစ်စိတ်တစ်ပိုင်း ထိခိုက်ပျက်စီးနေအိမ် ၂၃၈ လုံးတို့အတွက်




အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၁၆၇၀၀၀၀၀၊ လေဘေးသင့်ပြည်သူ ၇၈၇ ဦးအတွက် နှစ်ပတ်စာ စားနပ်ရိက္ခာဆန်ဖိုးငွေကျပ် ၃၉၃၅၀၀၀၊ ဒဏ်ရာရသူ တစ်ဦးအတွက် ငွေကျပ် ၅၀၀၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၀၆၈၅၀၀၀ နှင့် တန်ဖိုးငွေ ၅၀၆၈၅၄၄ ကျပ်ရှိ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး (အိမ်ထောင်စု ၄၈ စုစာ) စုစုပေါင်း ထောက်ပံ့ငွေ ၂၅၈၅၃၅၄၄ ကျပ်အား လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပွင့်ဖြူမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများနှင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ဒေသခံတောင်သူများ နှမ်းစပါးနှင့် ဆီထွက်သီးနှံ စိုက်ပျိုးနိုင်ရေးအတွက် ပြည်တွင်းထုတ် ဒီဇယ်ဆီများ လယ်ယာလုပ်ငန်းခွင်အရောက် အထူးသက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## ညောင်ဦးမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ကားလမ်းမပေါ် သစ်ပင်များလဲကျပိတ်ဆို့နေမှုကို မီးသတ်တပ်ဖွဲ့ဝင်များက ခုတ်ထွင်ရှင်းလင်း

ညောင်ဦး မေ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မေ ၂၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပုဂံမြို့ဟောင်းသွားကားလမ်းမပေါ် သစ်ပင်များလဲကျပြီး လမ်းပိတ်ဆို့ခဲ့သဖြင့် ခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ခုတ်ထွင်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ဦးမြို့ အမှတ်(၇) ဝက်ကြီးအင်းရပ်ကွက် ရွှေလိပ်တူးဘုရားအနီး ပုဂံမြို့ဟောင်းသွားကားလမ်းမပေါ်နှင့် အမှတ်(၅) စည်ပင်သာရပ်ကွက် ရွှေစည်းခုံဘုရားတောင်ဘက် စောင်းတန်းထိပ်အနီး ကားလမ်းတွင် သက်တမ်းရင့် ထနောင်းပင်များ လဲကျခဲ့ရာ လမ်းပိတ်ဆို့ခဲ့သဖြင့် ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း ဦးဆောင်သော ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးသည်။



အလားတူ လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ဦးမြို့ အမှတ်(၅) သိကြားရပ်ကွက်ရှိ နေအိမ်တစ်လုံးပေါ်သို့ ထနောင်းပင်လဲကျနေမှုကို ခုတ်ထွင်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



## ပန်ဆောင်မြို့၌ မိုးသီးများကြွေကျမှုကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီး

ပန်ဆောင် မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့ ရပ်ကွက်/ကျေးရွာများတွင် မေ ၂၁ ရက် ညနေ ၆ နာရီ၌ အချိန်အခါမဟုတ် မိုးသီးများကြွေကျပြီး မိုးများရွာသွန်းခဲ့သည်။

အဆိုပါ မိုးသီးများကြွေကျပြီး မိုးရွာသွန်းမှုကြောင့် ပန်ဆောင်မြို့ ရပ်ကွက်/ကျေးရွာများရှိ လူနေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ပန်ဆောင်(ပြန်/ဆက်)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ

- တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ရေများများသောက်ပါ။



## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၁ ၂ ၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- အလွန်အမင်းရေဆာခြင်း၊
- ဂနာမငြိမ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- တက်ခြင်း၊ သတိလစ်ခြင်း။

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၄ ၅ ၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ အားကစားဖွံ့ဖြိုးတိုးတက်ရေး တိုင်းဒေသကြီး အားကစားအဖွဲ့ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်း

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး အားကစားအောင်နိုင်ရေး၊ အားကစားပြိုင်ပွဲများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန(တိုင်းရုံး) အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားနည်း ၃၃ နည်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။




### ကြိုတင်ပြင်ဆင်ဆောင်ရွက်

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက တိုင်းဒေသကြီး အားကစားအောင်နိုင်ရေးအတွက် တိုင်းဒေသကြီး အားကစားဆပ်ကော်မတီများ အသစ်ပြန်လည်ဖွဲ့စည်းရန်၊ မေ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ရက်(၁၀၀) စီမံချက်ပေးပို့ရာတွင် တိုင်းဒေသကြီးအားကစားဆပ်ကော်မတီများအနေဖြင့် ပါဝင်နိုင်ရေး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျင်းပပြုလုပ်မည့် အားကစားပြိုင်ပွဲများကို ဝန်ကြီးဌာနမှ အားကစားနည်းအလိုက် ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် ယခုထက်ဆုတံဆိပ်များ ပိုမိုရရှိအောင် ကြိုးစားပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

### ဆွေးနွေးပြောကြား

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး အားကစားဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့က အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုများ၊ အုပ်ချုပ်/နည်းပြနှင့် အားကစားသမားများအားဖွဲ့စည်း၍ စခန်းသွင်းထားရှိမှု အခြေအနေများ၊ အားကစားနည်းများအလိုက် စခန်းသွင်းလေ့ကျင့်မည့် လျာထားချက်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# တရုတ်နိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း မေ ၂၃၊ ၂၅ ရက်တို့တွင် ခြေစမ်းပွဲ ထပ်မံကစားမည်



ရန်ကုန် မေ ၂၂

၂၀၂၆ အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲအကြို တရုတ်နိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၁၇ အမျိုးသမီး လူငယ်လက်ရွေးစင်အသင်းသည် မေ ၂၃၊ ၂၅ ရက်တို့တွင် ခြေစမ်းပွဲ ထပ်မံယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် မေ ၁၉ ရက်မှစ၍ တရုတ်နိုင်ငံ၌ လေ့ကျင့်နေပြီး မေ ၂၀ ရက်တွင် Suzhou ဒေသခံ အမျိုးသမီး လူငယ်အသင်းနှင့် ခြေစမ်းပွဲကစားခဲ့သည်။ ထို့ပြင် မေ ၂၃ ရက်တွင် ဖိလစ်ပိုင် ယူ-၁၇ အသင်းနှင့် ခြေစမ်းမည်ဖြစ်ပြီး မေ ၂၅ ရက်တွင် ၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရထားသည့် အသင်းတစ်သင်းနှင့် ထပ်မံခြေစမ်းခွင့်ရရန် ကြိုးပမ်းလျက်ရှိသည်။ ပြိုင်ပွဲမတိုင်မီ နောက်ဆုံးကစားသည့် ခြေစမ်းပွဲများဖြစ်သောကြောင့် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း၏ ခြေစမ်းပွဲရလဒ်များကို ထုတ်ပြန်မည်မဟုတ်ကြောင်း သိရသည်။

၂၀၂၆ အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲကို မေ ၁ ရက်မှ ၁၇ ရက်အထိ တရုတ်နိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ပြိုင်ပွဲကျင်းပမည့် တရုတ်နိုင်ငံ၌ ၁၀ ရက်ကျော် ကြိုတင်လေ့ကျင့်နေခြင်းဖြစ်သည်။ **သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊
(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွှင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊
(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊
(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊
(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊
(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊
(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲ မြန်မာ ယူ-၁၇ အမျိုးသားအသင်း ဆက်လက်ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၂၂

မေ ၅ ရက်မှ ၂၃ ရက်အထိ ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပမည့် ၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲတွင် မြန်မာ ယူ-၁၇ အမျိုးသားလူငယ်လက်ရွေးစင်အသင်း ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။



မြန်မာ ယူ-၁၇ အသင်းသည် နိုင်ငံတကာပြိုင်ပွဲနှစ်ခုဆက်တိုက်ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး မေ ၁၁ ရက်မှ ၂၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပနေသည့် ၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်ပြီးနောက် နှစ်ပတ်ဝန်းကျင်အကြာတွင် ကျင်းပမည့် အာရှဖလား ယူ-၁၇ ပြိုင်ပွဲ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ မြန်မာ ယူ-၁၇ အသင်းသည် အာဆီယံ ယူ-၁၇ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသော်လည်း အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်လေ့ကျင့်နေပြီး မေ ၂၅ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ မြန်မာ ယူ-၁၇ အသင်းသည် ရန်ကုန်မြို့တွင် အပြီးသတ်ပြင်ဆင်မှုများပြုလုပ်ပြီးနောက် အပြီးသတ် ကစားသမားရွေးချယ်ကာ ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲတွင် အိမ်ရှင်ဆော်ဒီအာရေဗျ၊ တာဂျစ်ကစ္စတန်၊ ထိုင်းအသင်းတို့နှင့် အုပ်စု(A)တွင် ကျရောက်နေသည်။ မြန်မာအသင်းသည် ယှဉ်ပြိုင်ခဲ့သည့် အာဆီယံ ယူ-၁၇ ပြိုင်ပွဲတွင် ထိုင်းကို အနိုင်၊ လာအိုကို သရေကျသော်လည်း ဖိလစ်ပိုင်ကို အရေးနိမ့်ခဲ့သဖြင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ထိုင်းနှင့် ပြိုင်ပွဲနှစ်ခုဆက်တစ်အုပ်စုတည်း ကျရောက်နေသော်လည်း အာရှဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် ထိုင်း ယူ-၁၇ အသင်းသည် အာဆီယံပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် အသင်းမဟုတ်ဘဲ ဂျာမန်နည်းပြဖြင့် သီးခြားပြင်ဆင်နေကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

# မုဒုံမြို့နယ်၌ ဒူးရင်းသီးများ ဈေးကောင်းရရှိကာ စိုက်ပျိုးသူများ အဆင်ပြေ



မုဒုံ မေ ၂၂

မွန်ပြည်နယ်သည် လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံများနှင့် ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံး ပြည်နယ်ဖြစ်ရာ ကာလရှည်သီးနှံ တစ်မျိုးဖြစ်သည့် ရာသီပေါ် ဒူးရင်းသီးများ စတင်ထွက်ရှိချိန် လူကြိုက်များသည့် သီးနှံတစ်မျိုး ဖြစ်သောကြောင့် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။

မုဒုံမြို့နယ်တွင် ဒူးရင်းပင်အမျိုးအစားပေါင်း ၂၀ ခန့် စိုက်ပျိုးကြရာ မွန်ထောင်၊ ချန်နီ၊ မလေးမျိုး (မူဆန်ကင်း)၊ ထိုင်းမျိုးတို့ကို ပျိုးပင်များနှင့် ကိုင်းဆက်ကိုင်းကူးနည်းဖြင့် အဓိကထား စိုက်ပျိုးကြသည်။ ဒူးရင်းပင် ကိုင်းဆက်မျိုးများကို စိုက်ပျိုးပြီး သုံးနှစ်ခန့်အကြာတွင် အသီးများ စတင်ထွက်ရှိကြောင်း၊ ဒူးရင်းပင် တစ်ဧကလျှင် အပင်တန်း တန်းကြား ပေ ၃၀ ပတ်လည်စိုက်ပျိုးမည်ဆိုပါက ၄၈ ပင်၊ ၂၅ ပေပတ်လည် စိုက်ပျိုးမည်ဆိုပါက အပင် ၇၀ ခန့်အထိ စိုက်ပျိုးနိုင်ကြောင်း၊ အပင်များ ပိုးမကျစေရန်နှင့် သဘာဝဓာတ်မြေဩဇာများ ထည့်သွင်းခြင်း လုပ်ငန်းများကို နည်းစနစ်တကျစိုက်ပျိုးရန် လိုအပ်ကြောင်း၊ ဒူးရင်းမျိုးကောင်း တစ်ဧက စိုက်ပျိုးရုံဖြင့် တစ်နှစ်ဝင်ငွေ ကျပ်သိန်း ၁၀၀ ကျော်ရရှိနိုင်ကြောင်း၊ ဘဲရမ်းကျေးရွာမှ ဒူးရင်းသီးစိုက် တောင်သူတစ်ဦးက ပြောသည်။

မုဒုံမြို့နယ်ဒေသထွက် ဒူးရင်းမျိုးကောင်း မျိုးသန့်များကို ပြည်တွင်းပြည်ပ တင်ပို့နိုင်ရန် ဒူးရင်းမျိုးများ သုတေသနပြုစိုက်ပျိုးထားရှိခြင်း၊ သစ်သီးဝလံသုတေသန စိုက်ပျိုးရေး နည်းပညာများကို တောင်သူများထံ ဖြန့်ဝေပေးခြင်း၊ သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရာမည (ပြန်/ဆက်)

# ကန့်ဘလူမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

ကန့်ဘလူ မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတို့ ပူးပေါင်း၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မေ ၂၁ ရက် နံနက် ၇ နာရီခွဲက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ရုံး၌ အခမဲ့စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကန့်ဘလူမြို့နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဇင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ၁၆ ခုတင်ဆံ့တိုင်းရင်းဆေးရုံအုပ် ဒေါ်သန်းသန်းလတ်နှင့်ဝန်ထမ်းများက ပင်စင်လာရောက်ထုတ်ယူသူ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးပေါင်ချိန်ခြင်း၊ သွေးတိုး၊ ဆီးချို၊ နှလုံး၊ ခါးနာ၊ ဒူးနာ စသည့်အခြေခံကျန်းမာရေးရောဂါဆိုင်ရာများကို ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးကုသပေးခြင်း၊ ရောဂါဝေဒနာရှင်အလိုက် ဆေးဝါးများအခမဲ့ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည်များကို စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်းဝင်းငြိမ်း(ကန့်ဘလူ)



# မူဆယ်မြို့၌ အစိုးရသစ်ကာလ ရက်(၁၀၀)စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

မူဆယ် မေ ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် အစိုးရသစ်ကာလ အများပြည်သူများ၏ အခြေခံလိုအပ်ချက်ကို ရှေးရှု၍ ရက်(၁၀၀)စီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းကို မူဆယ်မြို့ တောင်ရပ်ကွက် ချယ်ရီခန်းမတွင် ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ပေးသည်။




ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၆ ခုနှစ်အတွင်း ဖြစ်ပေါ်လာသည့် အစိုးရသစ်လက်ထက်တွင် အများပြည်သူများ၏ အခြေခံလိုအပ်ချက်ကို ရှေးရှု၍ ရက် (၁၀၀) စီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိစေရေး ဆောင်ရွက်ပေးခြင်းဖြစ်ပြီး မွေးတိုး၊ သေဆုံး၊ ပြောင်းဝင်၊ ပြောင်းထွက်၊ မြို့နယ်တွင်းပြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ ယနေ့တွင် ၃(က) ကျား လေးဦး၊ မ ရှစ်ဦး စုစုပေါင်း ၁၂ ဦး၊ မွေးတိုး ကျား ၂၁ ဦး၊ မ ၂၀ စုစုပေါင်း ၄၁ ဦး၊ သေဆုံး ကျား ၁၅ ဦး၊ မ ရှစ်ဦး စုစုပေါင်း ၂၃ ဦးဖြစ်ပြီး ယနေ့အတွက် ဆောင်ရွက်နိုင်ခဲ့သည့် အရေအတွက်မှာ ၇၆ ဦး ရှိသည်။

ဆက်လက်၍ ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်နေမှုကို မူဆယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်လင်းနှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မူဆယ်မြို့နယ် ဦးစီးမှူး ဦးဆလိုင်းဟေမန်ထွန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)


**မိဘဂုဏ်**
**အိမ်ခြံမြေအကျိုးဆောင်**
**ဒဂုံ(၄)မြို့နယ်ရှိ**
**မြေကွက်များ**
**အမြန်ဝယ်လိုသည်။**
**09-650957524**

**ပျောက်ဆုံးကြောင်း**

ဦးပြည့်စုံဦး [၅/ရဥန (နိုင်) ၁၀၃၁၁၂] သင်္ဘောသားမှတ်ပုံတင်အမှတ်(၁၀၁၅၄၉) ကိုင်ဆောင်သော (RESULT SHEET) စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၁၆၁၄၃၂၅**

**မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်- ၆ဝယ/၄၆၇၇၄ လက်ဝယ်ရှိသူ ဦးလှဝင်းထိုက်၊ မှတ်ပုံတင်အမှတ် [၁၀/သထန(နိုင်) ၂၆၃၂၀၂]မှ ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

**“ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၀)၊ လော်ကားလမ်း၊ မြေကွက်အမှတ် (၁၅၄၈) မြေအကျယ် (၄၀ ပေ x ၆၀ ပေ) ပါမစ်အမည်ပေါက် ဦးတင်မြင့် (MMN-၅၅၈၃၁၈) မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း”**

အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူက အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထား ပိုင်ဆိုင်လျက်ရှိပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းနည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွှဲပြောင်း ရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြု၍ **ဦးကျော်စွာလင်း [၇/ပခတ(နိုင်) ၀၀၀၄၄၃]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ရောင်းချသူသည် ၎င်း၏သဘောဆန္ဒဖြင့် ရောင်းချပိုင်ခွင့်ရှိသူ မဟုတ်ပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းတို့ဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သက်ထားဆွိ(LL.B, D.I.L, Dip in Eng) အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**09-972734996, 09-881181988**
**အမှတ်(၂၇/မြေညီ)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**

**“ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း”**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (က/၂၁)၊ အကျယ် (၄၀x၆၀)ပေရှိ မြို့မြေဟုခေါ်တွင်သော မြေကွက်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြု လွှဲပြောင်းရောင်းချသူ ဦးထွန်းမြင့် [၈/မမန(နိုင်)၁၉၅၂၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲသွင်ဦး[၁၂/ဥကမ(နိုင်)၂၁၅၁၁၃]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဟေမာသက် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၅၈၂)**
**အမှတ် (၁၂၈/၁၂၉)၊ ဝိဇ္ဇာလမ်းသွယ်(၅)၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၇၅၀၀၈၄၄၅**

**ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဇေယျာသီရိလမ်းနှင့် ဇေယျာသီရိ (၁)လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ မြေကွက်အမှတ် - ၄၅၉၊ ဧရိယာ (၀.၀၆၂)ဧက အကျယ်အဝန်းရှိ ဒေါ်စမ်းယုသွယ် [၁၁/သတန(နိုင်) ၀၆၁၃၆၀] အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဇေယျာသီရိလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ မြေကွက်အမှတ်- ၄၆၀၊ ဧရိယာ (၀.၀၆၂)ဧက အကျယ်အဝန်းရှိ ဒေါ်စမ်းယုသွယ် [၁၁/သတန (နိုင်)၀၆၁၃၆၀] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်။

အထက်ဖော်ပြပါ မြေငှားဂရန်မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မီမီဇင်အောင် [၁၂/သဃက (နိုင်) ၁၆၇၅၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်စိုး [၁၂/ပဇတ(နိုင်)၀၁၉၈၆၇]မှ အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်ဇာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၈၂၉)**
**အမှတ် (၁၉)၊ ဇာတ်ရုံလမ်း၊ မြို့မမြောက်ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။ 09-401580403**

**ကြော်ငြာစာ**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်-၆၀၃-က၊ ဦးပိုင်အမှတ်- ၄၀/၆၁၉၊ ရွှေကွန်ချာလမ်းပေါ်၊ အမကျောင်းနှင့် မျက်နှာချင်းဆိုင်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးစိုးညွန့်[၉/အမရ(နိုင်)၀၀၃၈၇၁]က ဂရန်မူရင်းမှာအသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်ပျောက်၊ သက်တမ်းတိုးလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်-ဟ-၇၊ ဦးပိုင်အမှတ်- ၄၀၊ ၆၇ x ၆၈ ကြား၊ ၁၁၆x၁၁၇ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းနု [၉/ပသက(နိုင်)၀၅၀၈၄၀]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၄၉၀/၂၀၂၂)ဖြင့်လွှဲအပ်ခြင်းခံရသူ ဒေါ်နွယ်နွယ်ထွေး[၁၃/နမတ(နိုင်)၀၃၅၂၆၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## တည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည် -

(က) (202'x31'x32') RCC (၈)ခန်းတွဲ (၃)ထပ် အမှုထမ်း အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း (ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) Gal (7000)ဆံ့ RCC Ground Tank(၂)လုံး၊ ကွန်ကရစ်လမ်းလုပ်ငန်း (300'x18'x9") — ၁ ခု

(ခ) (220'x36'x25') RCC (၂၀)ခန်းတွဲ (၂)ထပ် အပျိုဆောင် တည်ဆောက်ခြင်းလုပ်ငန်း (ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) Gal (5000)ဆံ့ RCC Ground Tank(၂)လုံး၊ကွန်ကရစ်လမ်းလုပ်ငန်း (300'x18'x9") — ၁ ခု

(ဂ) MRTV နေပြည်တော်(တပ်ကုန်း)အဝိုင်းမှ အပြင်ဂိတ် လျှောတံခါးအထိ ကွန်ကရစ်လမ်း Portion–1 (1110'x24'x9")၊ Portion–2 (2x60'x24'x9" ထု) အား (1:2:4) ကွန်ကရစ်ခင်း၍ ပြန်လည်ပြုပြင်ခြင်း (2220'x5'x5" Platform ၊ Kerb Stone အပါအဝင်) — ၁ ခု

(ဃ) MRTV နေပြည်တော်(တပ်ကုန်း) ပင်မရုံးအဆောက်အဦ ၏ အုတ်ခြံစည်းရိုးအရှေ့ဘက် (1890'x6') နှင့် မြောက်ဘက်(2299'x6')ကာရံခြင်း(အုတ်တိုင်၊ Ground Beam၊ Lintel Beam၊ ဘလိတ်ဆူးကြိုးအပါအဝင်) — ၁ ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၂၂-၄-၂၀၂၆)ရက်နေ့မှ (၁၃-၅-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် အမှတ်စဉ်(က ၊ ခ) တင်ဒါ ဖောင်(၂) စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၃၀,၀၀၀/- နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ် (ဂ ၊ ဃ) တင်ဒါဖောင်(၂)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၁၀,၀၀၀/- နှုန်းဖြင့် လည်းကောင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ လာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို သီးခြားစီခွဲ၍ အောက်ဖော်ပြပါ စာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ (၁၅-၆-၂၀၂၆) ရက်နေ့၊ နံနက်(၉:၃၀)နာရီမှ ညနေ (၁၆:၀၀) နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)သို့ လာရောက် ပေးသွင်းကြရန်ဖြစ်ပါသည် -

(က) Detail Measurement၊ Builder Estimate၊ Abstract of Cost၊ Bill of Quantity ကုန်ကျစရိတ်အသုံးပြုတန်ဖိုး

(ခ) ကုမ္ပဏီ၏ ငွေကြေးအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ ဘဏ် အထောက်အထားများ

(ဂ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile

(ဃ) အခွန်ကင်းရှင်းကြောင်းအထောက်အထား

(င) ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပေးထားသော တည်ဆောက်ရေးလုပ်ငန်း ကုမ္ပဏီအသိအမှတ်ပြုလက်မှတ်

၄။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်တင်ပြသော တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက် လက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော်(တပ်ကုန်း)**
**ဖုန်းအမှတ်၊ ၀၆၇-၈၀၇၉၁၃၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ် လမ်း၊ အမှတ် (၁၂၉၇)တွင် နေထိုင်သူများဖြစ်ကြသည့် ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသည့် ဦးပြည့်ဖြိုးမောင် [၉/ပကခ(နိုင်) ၀၆၄၉၈၃]နှင့် ဒေါ်ငြိမ်းပြည့်သိမ့် [၉/ပဥလ(နိုင်)၀၈၇၅၈၄]တို့ ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးပြည့်ဖြိုးမောင် **Social Account Name–Dee** နှင့် ဒေါ်ငြိမ်းပြည့်သိမ့် **Social Account Name–Nyein** ဖွင့်လှစ်သုံးစွဲခဲ့သည့် နေ့မှစ၍ ယနေ့အချိန်အထိ ကောင်းမွန်သောဂုဏ်သတင်းဖြင့် နာမည်ပျက်မရှိဘဲ အသုံးပြုလာသည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။ ယခုအခါတွင် ကျွန်ုပ်၏မိတ်ဆွေ များအသုံးပြုသော **Face book, Tik Tok, Telegram etc.** များမှ ကူးယူခြင်းများ လုပ်ဆောင်၍ ကျွန်ုပ်မိတ်ဆွေများနှင့် မိသားစုများဂုဏ်သိက္ခာကျဆင်းစေသည့် စကားလုံးများ ရေးသားဖော်ပြပြောဆိုခြင်းများ၊ မဟုတ်မှန်သည့် အကြောင်းချင်းရာ များဖော်ပြခြင်းများ၊ ရှုန့်ရင်းကြမ်းတမ်းသောစကားများ ပြောဆိုခြင်း၊ ဗီဒီယို ဖိုင်များ၊ အသံဖိုင်များအား ကျွန်ုပ်မိတ်ဆွေပြောကြားချက်များအရ ကျွန်ုပ်မိတ်ဆွေမှ ကြားမြင်သိရှိပြီး ရယူထား ပါသည်။ အထက်ပါကိစ္စရပ်များအပေါ် ခံစားရသည့် ကျွန်ုပ်မိတ်ဆွေများနှင့်တကွ မိသားစုများ ၏ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်း၊ အကျိုး စီးပွားများနစ်နာခြင်းဖြစ်စေသည့် ၎င်းကိစ္စရပ်များကို ပြုမူဆောင်ရွက်ခြင်းများအား ပြုလုပ်လုပ်ဆောင်သူများက ယနေ့မှစ၍ ပြန်လည်ဖျက်သိမ်း၍ ရှင်းလင်း တောင်းပန်မှုများ ပြန်လည်ပြုလုပ်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့ကြေညာသည့်နေ့မှစ၍ လိုက်နာမှုမရှိဘဲ ကျွန်ုပ်၏မိတ်ဆွေ များနှင့် မိသားစုဝင်များ ထပ်မံ၍ ကိုယ်စိတ်ဂုဏ်သိက္ခာ ထိခိုက်မှုများရှိလာပါက ကျူးလွန်သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လုပ် ဆောင်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**

| | |
|---|---|
| **ဦးသက်နိုင် (LL.B)** | **ဒေါ်အာရှီးနီး(ခ)ဒေါ်အာရှီးနီ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၃၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၇၁၅၇)** |
| **Ph-09-950393660** | **Ph: 09-795551420** |

**အမှတ်(၇)၊ ရာမလမ်း၊ စောရန်ပိုင်တောင် ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အောင်စကြာ်ရတနာခတ်နန်း
## အမှန်ဟော
## ဆရာစကြာ်အောင်ပွင့်ခေါင်
## မနောဗေဒပညာ

နံနက် (၉:၀၀)နာရီမှ မွန်းလွဲ (၂:၀၀)နာရီ
အမှတ်(၉၅၆)၊ ယသဝတီ (၁၂)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း - ၀၉-၂၅၀၅၀၄၁၄၄၊ ၀၉-၇၃၁၅၆၀၆၁၊ ၀၉-၂၅၂၆၀၀၅၆၇
တစ်နေ့ (၁၀) ဦးသာ
ဗုဒ္ဓဟူးနေ့တိုင်းနားသည်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၀)၊ မြေကွက်အမှတ်(၁၄၇၆)၊ မင်းရဲကျော်စွာလမ်း၊ နှစ်(၆၀)ဂရန်အမည်ပေါက် ဦးစိုးတင့်၊ မှတ်ပုံတင် အမှတ်[၁၂/မဂတ(နိုင်)၀၇၄၇၅၀]ထံမှ ဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်မျိုးမျိုး**
**ဖုန်း-၀၉-၄၂၀၇၄၆၃၇၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ပဏ္ဍိတလမ်း၊ အမှတ် (၉)၊ မြေကွက်အမှတ်-၂၁/ထရို ၂-ခန်းတွဲ၊ ၅-ထပ်တိုက်ဆောက်လုပ်ထားသော အဆောက်အဦ၏ (၄-လွှာ)၊ ခေါင်းရင်းခန်းအကျယ်အဝန်း (၁၄ပေ x ၅၃ပေ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးကုန်လွဲ [၄/ထတလ(နိုင်)၀၁၀၂၁၇]က ကြိုပွဲဂွင့်စနစ်ဖြင့် ဝယ်ယူရန်အတွက် ယင်းတိုက်ခန်းအတွက် အရောင်း တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ယင်းတိုက်ခန်းနှင့် ပတ်သက် သည့် အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကုန်လွဲ [၄/ထတလ(နိုင်)၀၁၀၂၁၇] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မြတ်ထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၃)**
**အမှတ်(၈၈၆)၊ အောင်စေတီလမ်း၊**
**စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၀၇၀၅၃၀၂၊ ၀၉-၉၇၃၈၆၆၈၄၈**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ အကွက်အမှတ်(၂၄)၊ ကြပ်တွင်းဘုရားကွက်၊ ဦးပိုင်အမှတ်(၂/က/၂)၊ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့၏ (၁၉-၆-၂၀၁၇) ရက်စွဲပါစာအမှတ်-၃/၆-၂ (၃၇) စိုက်မွေးအရ လူနေအိမ်ဆောက်လုပ်ရန်အတွက် အခြားနည်းအသုံးပြုခွင့်ရပြီး မြေဧရိယာ(၄.၈၃၅)ကေထဲမှ ဧရိယာ(၀.၁၆၇)ကေအကျယ်ရှိ မြေကွက်နှင့်အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်တင်တင်မြအမည်ပေါက် တရားဝင်ပိုင်ဆိုင်ပါ သည်။ အထက်ဖော်ပြပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်မြ၏ သမီး ဒေါ်ညိုညို[၁၂/ရကန(နိုင်)၀၁၃၄၉၈]အား မေတ္တာဖြင့် အပိုင်ပေးကမ်းမည်ဖြစ် ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မေတ္တာ ဖြင့် အပိုင်ပေးကမ်းခြင်းအား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ အကွက် အမှတ်(၂၄)၊ ကြပ်တွင်းဘုရားကွက်၊ ဦးပိုင်အမှတ်(၂/က/၂)၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့၏ (၁၉-၆-၂၀၁၇) ရက်စွဲပါ စာအမှတ်-၃/၆-၂ (၃၇)စိုက်မွေး အရ လူနေအိမ်ဆောက်လုပ်ရန်အတွက် အခြားနည်းအသုံးပြုခွင့်ရပြီး မြေဧရိယာ (၄.၈၃၅)ကေထဲမှ ဧရိယာ(၀.၁၆၈)ကေအကျယ်ရှိ မြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဒေါ်တင်တင်မြအမည်ပေါက် တရားဝင်ပိုင်ဆိုင်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်မြ၏သမီး ဒေါ်ခင်စုလှိုင်[၁၂/ရကန(နိုင်)၀၁၃၄၉၉]အား မေတ္တာဖြင့် အပိုင်ပေးကမ်းမည် ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ် စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းအား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးအုန်းမောင် ၏ သမီး ဒေါ်စိုးစိုးမိုး [၁၂/ဥကတ(နိုင်) ၁၄၀၁၅၁]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၂၇၄၃၂၁၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံ မြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်- ၇၆၆၊ ဦးပိုင်အမှတ်- ၈-ဃ/ ၃၂ လမ်း ၊ ၆၉x၇၀ လမ်းကြားရှိ ဦးချန်ထွန်းအမည်ပေါက် ဂရန်မြေ ကွက်အား ဖခင် ဦးချန်ထွန်း၊ မိခင် ဒေါ်သန်းစိန်၊ သမီး ဒေါ်အေးအေးသန်း (အပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဒေါ်ဆွေ ဆွေသန်း [၉/မရတ(နိုင်)၀၀၅၃၉၇]၊ ဒေါ်မာမာအေး [၉/မရမ(နိုင်)၀၀၈၄၁၂]၊ ဦးအောင် ကျော် ဦး [၉/မရမ(နိုင်) ၀၀၉၆၃၇]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆို ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံ မြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက် အမှတ်- ၇၂၀၊ ဦးပိုင်အမှတ်- ၇၇-ခ/ ၂၈x၂၉ကြား၊ ၇၃x၇၄ လမ်းကြားရှိ ဒေါ်ဆိုင်ထွမ်း အမည်ပေါက် ဂရန် မြေကွက်အား ဖခင် ဦးအိုက်မောင်၊ မိခင် ဒေါ်ဆိုင်ထွမ်း၊ သမီး ဒေါ်နန်း ထားထား (အပျိုဘဝ)၊ သား ဦးစိုင်းနေ မျိုးထွန်း(လူပျိုဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးအိုက်စိုင်း[၉/မမန(နိုင်)၀၁၅၅၁၂]၊ ဒေါ်နန်းမို့မို့[၉/မမန(နိုင်)၀၀၃၉၀၃]၊ ဒေါ်နန်းဝါဝါ[၉/မမန(နိုင်)၀၀၃၉၀၄] တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံ မြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်- ၁၅၁၊ ဦးပိုင်အမှတ်- ၃၇/ ၂၁ လမ်း ၊ ၈၃x ၈၆ လမ်းကြားရှိ ဦးတင်ဗိုလ်အမည်ပေါက် ဘိုးဘ မြေကွက်အား ဖခင် ဦးတင်ဗိုလ်နှင့် မိခင် ဒေါ်မြသီတို့သည် ကွာရှင်းပြတ်စဲ ခဲ့ကြပြီး ဖခင် ဦးတင်ဗိုလ်ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးဝင်းသီဟအောင် [၉/အမဇ(နိုင်) ၀၅၅၆၈၈]၊ ဒေါ်ဆုသီရိအောင်[၉/ အမဇ(နိုင်)၀၆၇၇၈၆]၊ မောင်အောင် သူရဖြိုး[၉/အမဇ(နိုင်)၀၉၁၅၅၆] တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆို ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁/၂)ရပ်ကွက်၊ ရတနာ လမ်း၊ ရတနာနှင်းဆီအိမ်ရာ၊တိုက်အမှတ်-1B၊ အခန်း(0305)၊ Level-3၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေ၊ အကျယ်ရှိ ဦးဇော်မျိုး ထွန်း + ဒေါ်နွယ်နွယ်အောင် အမည်ပေါက် တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည် ပေါက်ပိုင်ဆိုင်သူ ဦးဇော်မျိုးထွန်း [၁၂/အစန(နိုင်)၁၇၃၂၀၁]+၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင် ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၆၄၆၆၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်- ၁၂၉၊ ဦးပိုင်အမှတ်- ၂-က/၁၈ x ၁၉ ကြား၊ ၈၇x၈၈ လမ်းကြားရှိ ဦးခင်ကို၊ ဒေါ်သန်းသန်း(ခ) ဒေါ်သန်း အမည်ပေါက် ဘိုးဘ မြေကွက်အား ခင်ပွန်း ဦးခင်ကိုကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည် ပေါက်သူ ဇနီး ဒေါ်သန်းသန်း(ခ)ဒေါ်သန်း [၉/မနမ(နိုင်)၀၅၁၇၀၂]က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်စိန်သာဖြူ [၁၂/ဒပန(နိုင်)၀၆၇၁၂၃]၊ ဒေါ်အေးအေးခိုင် [၁၂/သကတ(နိုင်)၀၀၀၆၁၃]၊ ဒေါ်စမ်းစမ်းစိမ့် [၁၂/သကတ(နိုင်)၁၈၃၅၂၆]တို့အပါအဝင် အမွေဆိုင်များနှင့် အများသိစေရန် သတိပေးကြေညာချက်

ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေဖူးမျှော်လမ်း၊ အမှတ်-၉၅/ဘီ (မှန်ခန်း)နှင့် (ပထမထပ်)တို့နေ ၁။ ဒေါ်ဇာနည်ဇော်၊ ၂။ မောင်ဖြိုးကိုကိုကျော်၊ ၃။ မအိမ်ရွှေစင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -

၁။ လွှဲအပ်ကြေညာသူများမှာ ကွယ်လွန်သူ စွန်နီအစ္စလာမ်ဘာသာဝင် (ဦးရွှေနီ)နှင့် ဒေါ်စိန်သာဖြူတို့မှ မွေးဖွားသော သမီး(၃)ဦးအနက် (ဦးရွှေနီ) ကွယ်လွန်ပြီးနောက်မှ ကွယ်လွန်ခဲ့သူ သမီး (ဒေါ်အေးအေးနိုင်)၏ သားသမီး များဖြစ်ကြပါသည်။ မထူးဇာနည်ကိုမှာ ကြေညာသူများ၏ အမေတူ၊ အဖေကွဲ မောင်နှမဖြစ်ပါသည်။ အဘိုးဖြစ်သူ (ဦးရွှေနီ) ကွယ်လွန်သည့်အခါ ရွှေ့ပြောင်း နိုင်သောပစ္စည်း/မရွှေ့မပြောင်းနိုင်သောပစ္စည်းအများအပြား အမွေပစ္စည်း အဖြစ် ကျန်ရစ်ပါသည်။ ကျန်ရစ်ပစ္စည်းများမှာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၇) ရပ်ကွက်၊ သုခိတာလမ်း၊ အမှတ် (၄၄၄) မြေနှင့် အဆောက်အဦ၊ အမှတ် (၃၈၉/ခ) မြေနှင့်အဆောက်အဦ၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စကားဝါ လမ်း၊ အမှတ်-၂၉၂/အေ၊ မြေညီထပ်ခိုးပါ ရေမီးစုံတိုက်ခန်း၊ အမှတ်-၂၉၂/ အေ၊ ပထမထပ် ရေမီးစုံတိုက်ခန်း၊ ရွှေဖူးမျှော်လမ်းမကြီး၊ အမှတ်-၉၅/ဘီ၊ မြေညီထပ် ရေမီးစုံတိုက်ခန်း၊ အမှတ်-၉၅/ဘီ၊ မှန်ခန်း ရေမီးစုံတိုက်ခန်း၊ အမှတ်-၉၅/ဘီ၊ ပထမထပ် ရေမီးစုံတိုက်ခန်းနှင့် ယင်းတိုက်ခန်းများ၏ မြေငှားဂရန်၊ လှိုင်မြို့နယ်၊ ပိတောက်ချောင်း၊ သီရိမင်္ဂလာဈေးသစ်၊ ငါးခြောက် တန်း၊ ရုံ(ဃ)၊ ဆိုင်အမှတ်(၃၉၆/၃၉၇)၊ သာကေတမြို့နယ်၊ အမှတ်(၁)ဈေး၊ သားငါးတန်းဆိုင်အမှတ် (၉/၁၀) (၃၇)။ အငှားကား (၁) AA- 8611 (Mark II)၊ (၂) AA-7592 (L-Touring) စသည့်ပစ္စည်းများ အပါအဝင်ဖြစ်ပါသည်။

၂။ အဆိုပါပစ္စည်းများအား အစ္စလာမ် ဥပဒေအရဖြစ်စေ၊ တရားရုံးအမိန့် ဒီကရီအရဖြစ်စေ အမွေဆိုင်အားလုံးစုံညီ သဘောတူလက်မှတ်ရေးထိုး၍ မိသားစုစီမံမှုနည်းလမ်းဖြင့်ဖြစ်စေ ခွဲဝေရခြင်း လုံးဝမရှိသေးပါ။

၃။ ဒေါ်စမ်းစမ်းစိမ့်သည် ဒေါ်စိန်သာဖြူပါ (၁၆)ဦးတို့အပေါ် ဗိုလ်တထောင် ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၂/၂၀၂၅တွင် "အမွေပုံပစ္စည်း စီမံ ခန့်ခွဲပေးစေလိုမှု" စွဲဆိုခဲ့သော်လည်း ၎င်းကိုယ်တိုင်ပင် စွဲဆိုမှုအား အမှုသစ် စွဲဆိုခွင့်မရှိဘဲ ခြွင်းချက်မရှိ ရုပ်သိမ်းခွင့်ပြုရန်လျှောက်ထားသဖြင့် (၉-၄-၂၀၂၆)ရက်နေ့တွင် ရုပ်သိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါ၍ ၎င်းစွဲဆိုမှုမှာ ဥပဒေအာနိသင်မရှိ၊ ချုပ်ငြိမ်းသွားခဲ့ပြီးဖြစ်ပါသည်။ မည်သူ့ ကိုမျှ ပိုင်ဆိုင်မှုခွဲဝေပေးခြင်း မရှိပါ။

၄။ ဒေါ်စမ်းစမ်းစိမ့်နှင့် ဒေါ်စိန်သာဖြူ၊ ဒေါ်အေးအေးခိုင်တို့ချင်း ညှိနှိုင်းမှု အရ (၅-၂-၂၀၂၆) ရက်စွဲပါ "အမွေဆိုင်ပစ္စည်းများခွဲဝေပေးခြင်းကတိစာချုပ်" ချုပ်ဆို၍ ပစ္စည်းလွှဲပြောင်းပေးသည်ဆိုခြင်းကို ယခုကြေညာသူများ မသိရှိပါ။ သဘောလည်းမတူပါ။ တရားမဝင်ပါ။ အဆိုပါစာချုပ်အမှန်တကယ်ချုပ်ဆို သည်ဆိုစေဦး ဥပဒေနှင့်မညီ၊ တရားမဝင်၊ အကျိုးသက်ရောက်မှု လုံးဝမရှိပါ။

၅။ အမွေဆိုင်ပစ္စည်းများကို ယခုကြေညာသူများ သဘောတူ၊ ပါဝင် လက်မှတ်ရေးထိုးခြင်းမရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ စွန့်လွှတ်၊ ပေးကမ်း၊ ပေါင်နှံ၊ တစ်နည်းနည်းလွှဲပြောင်းခြင်းများ လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ် ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးကျော်ငြိမ်း (ဖောင်တော်သီ)** | **ဦးမောင်မောင်ထွန်း** |
| **(စဉ်-၂၃၀၂)** | **(စဉ်-၂၂၀၅)** |
| **B.A(Law), LL.B, D.B.L, D.M.L** | **B.A(Law), LL.B** |
| **09-5108521** | **09-787003748** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၆၂ (ပထပ်)၊ ၃၅-လမ်း (အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂)ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ (၂၀၂၆-၂၀၂၇)/ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ တရားဝင်အသိအမှတ်ပြုလိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

**ဆောင်ရွက်မည့်လုပ်ငန်းများ**

(၁) ရွှေရတုဆောင် အမိုးမျက်နှာကြက်ပြုပြင်ခြင်း (၁၂၅၉၂ Sqft)

(၂) စုပေါင်းသုတေသနဓာတ်ခွဲခန်းအဆင့်မြှင့်တင်ခြင်း (ကြမ်းခင်း၊ နံရံ၊ ရေပိုက်၊ လျှပ်စစ်အပါအဝင်) ၉၃'x၄၁' (၂)ခန်း

(၃) တက္ကသိုလ်ဝင်းအတွင်း မိလ္လာကန်ပြုပြင်ခြင်း (ဥက္ကလာဆောင်/စာသင်ဆောင်များ)

(၄) စာသင်ဆောင်(စိန်ပန်းပြာ)ကြမ်းခင်းကြွေပြားများလဲခြင်း မြေညီထပ်၊ ပထမထပ် (၂)ထပ် (၁၄၆'x၅၀')

(၅) ရွှေရတုဆောင်(အတွင်း/အပြင်) ဆေးသုတ်ခြင်း (၁၀၅'x ၁၀၂'x၄၂')

(၆) တက္ကသိုလ်မျက်နှာစာရှိ ပထမနှစ်စာသင်ဆောင်(၄)ထပ် အခန်းများပြင်ဆင်ခြင်း (၂၅၄'x၅၅'x၅၄')
- Small Group Room များပြုပြင်ခြင်း
- TBL Room (၂)ခု အသစ်ထည့်ခြင်း

(၇) စာသင်ဆောင်(၅) အကြီးစားပြုပြင်ခြင်း (၇၁'x၆၀'x၂၁') ခေါင်မိုးမျက်နှာကြက် ရေ၊ မီး၊ ဆေးသုတ်ခြင်း၊ လေအေးပေးစက်အပါအဝင်ပြုပြင်ခြင်း

(၈) စာသင်ဆောင်(၆) အကြီးစားပြုပြင်ခြင်း (၇၁'x၆၀'x၂၁') ခေါင်မိုးမျက်နှာကြက် ရေ၊ မီး၊ ဆေးသုတ်ခြင်း၊ လေအေးပေးစက်အပါအဝင်ပြုပြင်ခြင်း

(၉) စာသင်ဆောင်(၇) အကြီးစားပြုပြင်ခြင်း (၈၄'x၅၅'x၂၁') ခေါင်မိုးမျက်နှာကြက် ရေ၊ မီး၊ ဆေးသုတ်ခြင်း၊ လေအေးပေးစက်အပါအဝင်ပြုပြင်ခြင်း

(၁၀) စာသင်ဆောင်(၈) အကြီးစားပြုပြင်ခြင်း (၈၄'x၅၅'x၂၁') ခေါင်မိုးမျက်နှာကြက် ရေ၊ မီး၊ ဆေးသုတ်ခြင်း၊ လေအေးပေးစက်အပါအဝင်ပြုပြင်ခြင်း

(၁၁) ကျောင်းမျက်နှာစာ ခြံစည်းရိုးဆေးသုတ်ခြင်း၊ ဆရာမများအဆောင်မှစ၍ ဥက္ကလာဆောင်ရှေ့ထိ (၁၃၄၈'x၆')

(၁၂) ဆေးတက္ကသိုလ်(၂)ရန်ကုန်ရှိ 11 KVA ဓာတ်အားလိုင်းပြုပြင်ခြင်း

(၁၃) နောက်ဆုံးနှစ်အပိုင်း(က) သင်ကြားရေး(၃)ထပ်ဆောင် မွမ်းမံပြင်ဆင်ခြင်း (၉၀'x၄၀') (အမိုး/ ရေပိုက်၊ ရေဆင်းမြောင်း၊ သန့်စင်ခန်း)

(၁၄) ဥက္ကလာဆောင် ၆ လက်မပတ်လည် အနက် ၆၅၀ ပေ အဝီစိတွင်းတူးဖော်ခြင်း

၂။ အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်နေ့ရက် - ၂၃-၄-၂၀၂၆ ရက် (ကြာသပတေးနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့် နေ့ရက်နှင့် အချိန် - ၁၅-၅-၂၀၂၆ရက်(သောကြာနေ့) ညနေ (၄:၀၀)နာရီ
အိတ်ဖွင့်တင်ဒါရောင်းချမည့် နေရာ - အမှတ်(၆၇၇-၇၀၉)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်။

၃။ တင်ဒါပုံစံဝယ်ယူခြင်းနှင့် တင်ဒါခေါ်ယူသည့် လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (ဖုန်း-၀၉-၅၀၃၄၄၃၂၊ ၀၉-၇၆၃၅၉၂၅၁၀ )သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ် ၊မြေတိုင်းရပ်ကွက် အမှတ်-(၈၂)၊ စက္ကဝတ်(၂)လမ်း၊ အမှတ်-၂၉၅၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲမှုဌာန (မြို့မြေစာရင်း)တွင် ၁။ ဒေါ်တင်ကြည် [၁၂/ဥကမ(နိုင်)၀၂၁၉၃၇]၊ ၂။ ဒေါ်မြင့်မြင့် [၁၂/ဥကမ(နိုင်)၀၆၂၄၈၂]၊ ၃။ ဒေါ်ခင်ခင်စိုး [၁၂/ဥကမ(နိုင်) ၁၀၃၁၇၆]၊ ၄။ ဒေါ်သန်းတင် [၁၂/ဥကမ(နိုင်) ၀၂၉၉၅၀] အမည်များဖြင့် ပူးတွဲတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့် (ခေါင်းရင်းခြမ်း) အကျယ်အဝန်း (၂၀x၆၀)ပေ မြေကွက်အား ယခုရောင်းချသူ ဒေါ်ရယုဝေ [၁၂/ဥကမ(နိုင်) ၂၈၁၁၈၉]သည် မြေအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထားထားရီ [၁၂/မဂဒ(နိုင်) ၁၀၃၇၃၂]က အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို (LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၇၇၀)**
**ဖုန်း- ၀၉-၂၅၀၁၇၂၉၁၉၊ ၀၉-၉၇၄၀၀၀၈၃၉**
**အမှတ်-၆၇၈၊ ဣန္ဒာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂)ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူလိုပါ၍ လိုင်စင်ရကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(၁) စက်ပစ္စည်းများ

(၂) ရုံးသုံးစက်ကိရိယာများ

(၃) ရုံးသုံးပရိဘောဂများ

(၄) အခြားရုံးသုံးပစ္စည်းများ

(၅) Medical Books & Journal

၂။ အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့် နေ့ရက် - ၂၃-၄-၂၀၂၆ ရက် (ကြာသပတေးနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့် နေ့ရက်နှင့် အချိန် - ၇-၅-၂၀၂၆ ရက် (ကြာသပတေးနေ့) ညနေ(၄:၀၀)နာရီ
အိတ်ဖွင့်တင်ဒါ ရောင်းချမည့် နေရာ - အမှတ်(၆၇၇-၇၀၉)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်။

၃။ တင်ဒါပုံစံဝယ်ယူခြင်းနှင့် တင်ဒါခေါ်ယူသည့် လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (ဖုန်း-၀၉-၅၀၃၄၄၃၂၊ ၀၉-၇၆၃၅၉၂၅၁၀)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)နှင့် တံတားအထူးအဖွဲ့(၄)
## အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁) နှင့် တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့တို့မှ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဒုတိယအကြိမ် တံတားဦးစီးဌာနသို့ ပေးချေလာသော မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင် (၃၅၈/၁-၃)ရှိ ဒုဋ္ဌဝတီတံတားအသစ်စီမံကိန်း(ရန်ကုန်ဘက်ကမ်းနှင့်မန္တလေးဘက်ကမ်း)နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဒုတိယအကြိမ်ခွဲဝေရရှိသည့် ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ မြစ်ဆွတ်ချောင်းတံတား(အပြန်လမ်းတံတား) အကြီးစားပြုပြင်ခြင်းလုပ်ငန်းတို့၌ အသုံးပြုရန်လိုအပ်သော ကျပ်သန်း(၂၀၀)အထက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူ/သယ်ယူပို့ဆောင်ခြင်းနှင့် စက်/ယန္တရားများ ငှားရမ်းဆောင်ရွက်ခြင်း အိတ်ဖွင့်တင်ဒါအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/သယ်ယူ/ငှားရမ်းဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တည်ဆောက်ရေးအဖွဲ့(၁) အိတ်ဖွင့်တင်ဒါအမှတ်စဉ် - (၁/၂၀၂၆-၂၀၂၇)နှင့်**
**တံတားအထူးအဖွဲ့(၄) အိတ်ဖွင့်တင်ဒါအမှတ်စဉ် - (၂/၂၀၂၆-၂၀၂၇)**

၁။ တင်ဒါပုံစံရောင်းချမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ မန္တလေးမြို့
ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် - ၂၁-၄-၂၀၂၆ ရက်နေ့၊ (ရုံးချိန်အတွင်း)

၃။ လျှောက်လွှာပုံစံအရောင်း ပိတ်မည့် ရက်/အချိန် - ၄-၅-၂၀၂၆ ရက်နေ့၊ (၁၆:၃၀)နာရီ

၄။ တင်ဒါဖွင့်မည့် ရက်/အချိန် - ၆-၅-၂၀၂၆ ရက်နေ့၊ (၉:၃၀)နာရီ

၅။ တင်ဒါတင်သွင်း/စိစစ်/ ရွေးချယ်မည့်နေရာ - ဒုဋ္ဌဝတီတံတားသစ်စီမံကိန်း (မန္တလေးဘက်ကမ်း)၊ တံတားရှင်းလင်းဆောင်

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက [တည်ဆောက်ရေးအဖွဲ့(၁) (ဖုန်း) ၀၉-၄၀၂၇၆၆၁၇၅၊ ၀၉-၂၅၀၀၇၀၇၁၈ နှင့် တံတားအထူးအဖွဲ့(၄) (ဖုန်း) ၀၉-၄၄၈၅၄၈၅၈၅၊ ၀၉-၇၈၁၃၀၀၄၀၉]တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၂၊ ပဒုမ္မာလမ်း၊ မြေကွက်အမှတ် (၈၇)၊ (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (ခြေရင်းခြမ်း) (အလျား ၁၀ ပေx အနံ ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် လွှဲပြောင်းဝယ်ယူထားသူ ဦးလှဟန် [၁၂/သကတ(နိုင်)၁၅၀၉၂၃]က ၎င်းတစ်ဦးတည်းသာ တရားဝင်ရောင်းချပိုင်ခွင့်ရှိပြီး အပေါင်အနှံအရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးချစ်စန်းနိုင် [၁၄/ဖပန(နိုင်)၁၄၄၈၃၄] မှ အထက်ပါ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းချသူ ဦးလှဟန် [၁၂/သကတ(နိုင်) ၁၅၀၉၂၃]ထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါရှိသည့်နေ့ရက်မှစ၍ (၃)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးချစ်စန်းနိုင် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဇင်နိုင် (LL.B), D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၀၉၂)**
**အမှတ်(၁၁၄၄)၊ အောင်သုခ(၂၁)လမ်း၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၂၅၄ ၄၈၆ ၅၅၈**

## ရွှေတိဂုံစေတီတော်
## (၄၃)ကြိမ်မြောက်
## ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပမည်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့) ၃၀-၄-၂၀၂၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ စတင်၍ စေတီတော်ရင်ပြင် အင်္ဂါထောင့် မဟာဗောဓိညောင်ပင်၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်လူကြီးများ၊ ဂေါပကအဖွဲ့ ရုံးဝန်ထမ်းများ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများဖြင့် ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ပါသည်။

ယင်းနေ့တွင် ဘုရားဖူးပြည်သူများက ရင်ပြင်တော်ထောင့်လေးထောင့်ရှိ မဟာ ဗောဓိညောင်ပင်များ၌ လွယ်ကူစွာ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန်အတွက် ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့် ဝန်ထမ်းများက ကုသိုလ်ယူကူညီဆောင်ရွက်ပေးရန် စီစဉ်ထားရှိမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၇/ကံဘဲ့၊ မြေကွက်အမှတ်- ၈၊ ၉၊ ၁၀၊ ၁၃ ပေါ်၌ တည်ဆောက်ထားသည့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၁) ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ အမှတ် (၂၈) ဟုခေါ်တွင်သော ကံဘဲ့တာဝါ အဆောက်အဦ၏ တိုက်အမှတ်- A ၊ (၂၅) လွှာ၊ အခန်းအမှတ်- ၀၄ ၊ ဧရိယာ- ၈၄၀. ၈၉၈ စတုရန်းပေ အကျယ်အဝန်းရှိ ရေ၊ မီး အစုံ ကွန်ဒိုတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို GOLDEN THITSAR COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်- 107905464) နှင့် ကွန်ဒိုတိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုကာ အပြီးအပိုင်ဝယ်ယူထား၍ တရားဝင်လက်ရှိလုံးဝပိုင်ဆိုင်သူများဖြစ်သည့် ဦးမြိုးထက်ထွန်း (၁၂/လမတ (နိုင်) ၀၀၀၂၅၁) နှင့် ဒေါ်ကြာညိုသင်း (၁၄/အမန (နိုင်) ၁၂၈၁၉၁) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကွန်ဒိုတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြေကွက်အမှတ် (၅၄)၊ မြေတိုင်းအမှတ် (၆)၊ ဧရိယာ (၂၅x၆၀)ပေအနက်မှ တရားဝင်ခွဲခြမ်း စိတ်ဖြာခြင်းမပြုရသေးသော ဖော်ပြပါမြေကွက်၏ (က)ဘက်ခြမ်း အကျယ် (၁၂ ½x၅၀)ပေရှိ မြေနှင့်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို ယခုလက်ရှိတွင် လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးအုန်းကြိုင်၊ ဒေါ်လှသန်းတို့မှ ရောင်းချရန်စကားကမ်းလှမ်းလာသဖြင့် ၎င်းတို့၏ ပြောကြားချက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာလွင်မှ သဘောရိုးဖြင့်ယုံကြည်၍ ဝယ်ယူရန်အတွက် (၅-၄-၂၀၂၆) ရက်နေ့တွင် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားခဲ့ပြီး၊ အဆိုပါ မြေနှင့်အိမ် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်သူများရှိပါက စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်မာလွင်** | **ဒေါ်ဝင်းယုယုမိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၆၂၁)** |
| **[၇/ဖမန(နိုင်)၀၉၄၄၅၀]** | **အမှတ် (၉၃)၊ ၄ဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၃၁၉၇၈** |

## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဒေါ်နော်စေးဘွဲ့ချစ်[၁၂/အစန(နိုင်) ၁၅၈၆၉၀] ကိုင်ဆောင်သူသည် ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးမောင်မောင်လတ် [၁၂/ထတပ (နိုင်) ၀၆၉၃၅၂]နှင့် ၂၀၁၁ခုနှစ်မှစ၍ ယနေ့တိုင် တရားဝင်အကြင်လင်မယားအဖြစ် အတူတကွ ပေါင်းသင်း နေထိုင်ကြပြီး သမီး(၁)ဦးထွန်းကားခဲ့ကြပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ခင်ပွန်းဖြစ်သူတို့သည် ပေါင်းသင်းနေထိုင်စဉ်အတွင်း ပိုင်ဆိုင်ခဲ့သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ပေးကမ်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံထားရှိခြင်း၊ လွှဲပြောင်းခြင်း (အထူး/အထွေထွေကိုယ်စားလှယ်လွှဲစာ)၊ မပြုလုပ်ရန်အတွက် အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ အထက်ပါတားမြစ်ချက်အား မည်သူမဆို ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလိုဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဒေါ်နော်စေးဘွဲ့ချစ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းလွင်ဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၁၅၁)**
**အမှတ်(၂၉)၊ ဦးအောင်မင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉-၂၅၄၃၂၉၉၇၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ် (၇) ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆) ထပ်တိုက်၏ ဒုတိယထပ်၊ (၃-လွှာ)၊ (ခြေရင်းခန်း/တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်အခန်း)၊ အကျယ်အဝန်း (၁၂ ½x၅၀)ပေရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခု ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်ကိုကို [၁၂/လသန (နိုင်) ၀၀၉၃၁၉] အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညိုမာခင် [၇/ပတတ (နိုင်) ၀၈၀၉၇၂]မှ တိုက်ခန်းရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၀၆၃)**
**ဖုန်း- ၀၉-၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**
**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၂

| | | |
|---|---|---|
| ချောက် | ၄၄ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၄ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၄၃ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၃ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |

## ဒုတိယသမ္မတ ဦးညိုစော ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkaew ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkaew ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံရှိရင်းစွဲ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရေး၊ စီးပွားရေးကဏ္ဍ၊ နယ်စပ်ဒေသ ကုန်သွယ်ရေးတိုးမြှင့်နိုင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍအပါအဝင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံဘဏ်များ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားမဝင် နယ်စပ်ကုန်သွယ်ရေးနှင့် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညိုစောနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkaew အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



## ချယ်လ်ဆီးအသင်းကို ဂိုးပြတ်အနိုင်ရပြီး ဘရိုက်တန်အသင်း ဥရောပပြိုင်ပွဲဝင်ခွင့်ရရှိရန် နီးစပ်လာ

ဘရိုက်တန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ဧပြီ ၂၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းကို ဂိုးပြတ်အနိုင်ရပြီး လာမယ့်ဘောလုံးရာသီ ဥရောပပြိုင်ပွဲဝင်ခွင့်ရရှိဖို့ နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။ ဘရိုက်တန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ဘရိုက်တန်အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ဘရိုက်တန်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် သုံးမိနစ်မှာ ကာဒီယိုဂလုကတစ်ဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် ၅၆ မိနစ်မှာ ဟင်ရှယ်ဝုဒ်က တစ်ဂိုး၊ သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပိုတစ်မိနစ်မှာ ဒန်နီဝဲလ်ဘက်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့**



ဘရိုက်တန်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## PDF အမည်ခံအဖွဲ့များ ဥပဒေဘောင်အတွင်း ခိုလှုံဝင်ရောက်ရန် ဖိတ်ခေါ်နိုးဆော်တိုက်တွန်း

**နေပြည်တော် ဧပြီ ၂၂**

နိုင်ငံတော်အတွင်း အကြမ်းဖက်မှုများဖြစ်ပွားစေရန် သွေးထိုးလှုံ့ဆော်ပြီး ပြည်ပသို့ ထွက်ပြေးသွားခဲ့ကြသူများက ဥပဒေအခြေခံမရှိဘဲ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့ကို တရားမဝင် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြကာ အကြမ်းဖက် လက်နက်ကိုင်လမ်းစဉ်အတွက် PDF အမည်ခံအဖွဲ့များကို ဖွဲ့စည်းပြီး နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်စေခဲ့ကြသည်။

CRPH နှင့် NUG တို့သည် နိုင်ငံရေးအရ မှန်ကန်ခိုင်မာသည့် ရပ်တည်ချက်မရှိဘဲ ရှေ့နောက်မညီသည့် ထုတ်ပြန်ပြောဆိုမှုများကို ပြုလုပ်ခဲ့သည်။ CRPH က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီး NUG ကို ဖွဲ့စည်းခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယင်းအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ CRPH က ကြေညာသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပျက်ပြယ်သွားပြီဆိုပါလျှင် ၎င်းတို့ လွှတ်တော်ကိုယ်စားလှယ်များဆိုသည်မှာလည်း အလိုအလျောက်ပျက်ပြယ်သွားမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီဆိုသည်မှာလည်း ရှိတော့မည်မဟုတ်သကဲ့သို့ NUG ကို ဖွဲ့စည်း၍ပင် မရတော့ပေ။ **စာမျက်နှာ ၁၇ ကော်လံ ၁ သို့**

**ယနေ့ ဖတ်စရာ**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား** စာမျက်နှာ » ၄

**ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် ယာဉ်တစ်စီးအား လှိုင်လင်မြို့၌ ဖမ်းဆီးရမိ** စာမျက်နှာ » ၁၄

**တရုတ်နိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း ဧပြီ ၂၃၊ ၂၅ ရက်တို့တွင် ခြေစမ်းပွဲ ထပ်မံကစားမည်** စာမျက်နှာ » ၂၀